မန္တလေးမြို့
အဝေရာရာမ ရန်ကင်းကျောင်းတိုက်

ဆရာတော် အရှင်ဩဒါတသိရီဘိဝံသ

၏

# မေတ္တာဂုဏ်ရည်

မေတ္တာသုတ္တန်လာ မေတ္တာပွားနည်း (၁၅၈၄)ပါး နှင့်
...လာ ငါးရာနှစ်ဆယ် ရှစ်သွယ်မေတ္တာ ပွားနည်းများကို
ဖော်ပြထားသည်။

၂၉၄. ၃၁၂
ဩဒတ



သာသနာ ၂၅၅၆ ကောဇာ ၁၃၇၄ ခရစ် ၂၀၁၂

မန္တလေးမြို့

အဝေရာရာမ ရန်ကင်းကျောင်းတိုက်

# ဆရာတော် အရှင်ဣန္ဒါတဿိရိဘိဝံသ

နိုင်ငံတော်သံဃမဟာနာယက

အဂ္ဂမဟာပဏ္ဍိတ

အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ

အစိုးရနှင့် သကျသီဟ ဓမ္မာစရိယ၊ ပါဠိပါရဂူ

၏

# မေတ္တာဂုဏ်ရည်

မေတ္တာသုတ္တန်လာ မေတ္တာပွားနည်း (၁၅၈၄)ပါး နှင့်

ပဋိသမ္ဘိဒါမဂ်လာ ငါးရာနှစ်ဆယ် ရှစ်သွယ်မေတ္တာ

ပွားနည်းများကို ဖော်ပြထားသည်။

သာသနာ ၂၅၅၅ ကောဇာ ၁၃၇၃ ခရစ် ၂၀၁၂

သာသနာတော်ထွန်းကားပြန့်ပွားရေးဝင်း စာကြည့်တိုက်
အမှတ် ၇၈၆၉
ရက်စွဲ ......

**စီစဉ်သူ**

ဒေါက်တာ နန္ဒမာလာဘိဝံသ (M.A, Ph.D)

**ကွန်ပျူတာ စာစီ**

ဦးချမ်းသာ (၀၉၇၃၂၀၄၂၀၀)

**အပြင်အဆင် နှင့် ဒီဇိုင်း**

THREE TOP

**မျက်နှာဖုံးဒီဇိုင်း**

*mgmglinnsay (shwethar)*

**စာအုပ်ချုပ်**

ကိုရဲထွန်း

**ပုံနှိပ်**

**လမင်း**

**ပုံနှိပ်တိုက်**

**တန်ဖိုး**

ဓမ္မဒါန

**အကြိမ်**

ပထမအကြိမ်

**အုပ်ရေ**

၆၀၀၀ အုပ်

**ထုတ်ဝေသည့်လ**

ပြာသိုလ၊ ၁၃၇၃-ခုနှစ်၊ ဇန်နဝါရီလ၊ ၂၀၁၂-ခုနှစ်၊

# နိဒါန်း

၁၃၇၃–ခုနှစ်၊ ဝါခေါင်လပြည့် (၁၄–၈–၂၀၁၁) တနင်္ဂနွေနေ့တွင် မြန်မာ့ရုပ်မြင်သံကြားနှင့် မြန်မာ့အသံရေဒီယိုတို့မှ မေတ္တာအခါတော်နေ့တရားအဖြစ် မေတ္တာတရားကို ဟောကြားခဲ့ရပါသည်။

အချိန်ကန့်သတ်ချက်ကြောင့် မေတ္တာနှင့် မေတ္တာ၏ ဆန့်ကျင်ဘက် ဒေါသ, အာဃာတတို့၏ အကျိုး+အပြစ်တို့ကိုသာ ဟောခဲ့ပါသည်။ မေတ္တသုတ်လာ မေတ္တာပို့ပုံ (မေတ္တာဘာဝနာပွားပုံ)တို့ကို ပြည့်ပြည့်စုံစုံ မဟောခဲ့ရပါ။

သို့ဖြစ်၍ မေတ္တသုတ်လာ မေတ္တာပွားပုံတို့ကို ပဋိသမ္ဘိဒါမဂ်လာ "ငါးရာ့နှစ်ဆယ် ရှစ်သွယ်မေတ္တာ"ပွားနည်းကို နည်းယူ၍ အကျယ်မေတ္တာပွားပုံနှင့် ပဋိသမ္ဘိဒါမဂ်လာ ငါးရာ့နှစ်ဆယ် ရှစ်သွယ်မေတ္တာ ပွားပုံတို့ကို ဖြည့်စွက်ပြီး ဤ "မေတ္တာဂုဏ်ရည်"ကို ရေးသားပါသည်။

မေတ္တသုတ်၌ ဟိတူပသံဟာရမေတ္တာပို့နည်း (ချမ်းသာစေလိုသောစိတ်ဖြင့် မေတ္တာပို့နည်း)၊ အဟိတာပနယနမေတ္တာပို့နည်း (ဆင်းရဲဒုက္ခ ကင်းစေလိုသောစိတ်ဖြင့် မေတ္တာပို့နည်း)ဟု နှစ်မျိုးဟောတော်မူရာ – ဟိတူပသံဟာရနည်း၌ ဒုကနည်း၊ တိကနည်း

ဟု နှစ်မျိုးခွဲ၍ "သုခိနော ဟောန္တု၊ ခေမိနော ဟောန္တု၊ သုခိတတ္တာ ဘဝန္တု"ဟု နွှ သုံးချက်ဖြင့် ပွားများပုံတို့ကိုလည်းကောင်း၊ အဟိတာ ပနယနနည်း၌ –

(၁) န ပရော ပရံ နိကုဗ္ဗေထ၊

(၂) နာတိမညေထ ကတ္ထစိ နံ ကဉ္စိ၊

(၃) နာညမညဿ ဒုက္ခမိစ္ဆေယျ –

ဟူသော သုံးချက်ဖြင့် ပွားများပုံတို့ကိုလည်းကောင်း ဟောပြတော် မူပါသည်။

ဤစာရေးသူသည် မေတ္တာသုတ္တန်လာ ဒုကနည်း, တိကနည်း တို့တွင် ပြဆိုထားသည့် တသ, ထာဝရ စသော ဒုကနည်းလာ ပုဂ္ဂိုလ်ရှစ်ယောက်၊ ဒီဃ, ရဿ, မဇ္ဈိမ စသော တိကနည်းလာ ပုဂ္ဂိုလ်ကိုးယောက် – ပေါင်း (၁၇)ယောက်တို့ကို နွှသုံးချက်ဖြင့် လည်းကောင်း၊ န ပရော ပရံ နိကုဗ္ဗေယျ၊ နာတိမညေယျ ကတ္ထစိ နံ ကဉ္စိ၊ နာညမညဿ ဒုက္ခမိစ္ဆေယျ–ဟူသော သုံးချက်ဖြင့်လည်း ကောင်း၊ အရပ် ၁၀–မျက်နှာဖြင့်လည်းကောင်း ပွားများလေ့ရှိပါ သည်။

ထိုသို့ ပွားများလျှင် ...

(က) ဟိတူပသံဟာရမေတ္တာပေါင်း ၇၉၂–ပါး

(ခ) အဟိတာပနယနမေတ္တာပေါင်း ၇၉၂–ပါး

ပေါင်း ၁၅၈၄–ပါး ရပါသည်။

ထိုမေတ္တာပွားနည်းတို့ကို ဤမေတ္တာဂုဏ်ရည်၌ ဖော်ပြထား ပါသည်။

ထို့အတူ – အများပို့လေ့ရှိသော ပဋိသမ္ဘိဒါမဂ်ပါဠိတော်လာ ၅၂၈ (ငါးရာ့နှစ်ဆယ် ရှစ်သွယ်) မေတ္တာပွားနည်းကိုလည်း ပြထား ပါသည်။

ပဋိသမ္ဘိဒါမဂ်လာ အများပို့လေ့ရှိသောနည်းသည် အကျဉ်း ချုပ်ပို့နည်းဖြစ်၍ ဤ၌ ငါးရာ့နှစ်ဆယ်ရှစ်သွယ် မေတ္တာကို ရေတွက် တတ်အောင် အကျယ်ပြဆိုထားပါသည်။

ထိုသို့ပြဆိုရာ၌ မေတ္တာသုတ္တန်လာ မေတ္တာပို့နည်း ပေါင်း ၁၅၈၄–ပါးနှင့် ပဋိသမ္ဘိဒါမဂ်ပါဠိတော်လာ ၅၂၈–ပါးတို့ကို လုံးစေ့ ပါဌ်စေ့ မပြတော့ဘဲ သိသာနိုင်လောက်သော နေရာတို့၌ အကျဉ်း မျှသာ ပြဆိုပါသည်။

ဤမေတ္တာပို့နည်း နှစ်မျိုးတို့ကို လေ့လာမှတ်သား အလွတ် ပွားများလိုသောပုဂ္ဂိုလ်တို့အတွက် မေတ္တာသုတ္တန်လာ တသ, ထာဝရ စသော ပုဂ္ဂိုလ် ၁၇–မျိုး။

"သုခိနော ဟောန္တု"စသော န္တုသုံးချက်၊ န ပရော ပရံ နိကုဗ္ဗေထ"စသော မေတ္တာသုံးချက်၊ အရပ် ၁၀–မျက်နှာ (ပါဠိ+ မြန်မာ)တို့ကို မှတ်သားပြီး ဖွဲကောင်းကောင်းဖြင့် ပွားများလေ့ကျက် ရန် လိုအပ်ပါသည်။

ထို့အတူ ငါးရာ့နှစ်ဆယ် ရှစ်သွယ်မေတ္တာကို ပွားများလိုသော ပုဂ္ဂိုလ်တို့သည် သတ္တ, ပါဏ, ဘူတ စသော ပုဂ္ဂိုလ် ၁၂–မျိုး၊ "အဝေရာ ဟောန္တု၊ အဗျာပဇ္ဈာ ဟောန္တု"စသော န္တု–လေးချက်၊ အရပ် ၁၀–မျက်နှာ (ပါဠိ+မြန်မာ) တို့ကို မှတ်သားပြီး ၅၂၈–ပါး ရအောင် လေ့ကျက်ပွားများကြရမည်ဖြစ်ပါသည်။

ပါဠိလို ရွတ်ပွား ပို့လွှတ်သည်ဖြစ်စေ၊ မြန်မာလို ရွတ်ပွား ပို့လွှတ်သည်ဖြစ်စေ မည်သို့ပွားပွား ဤပါဠိ+မြန်မာတို့ဖြင့် မရွတ်ပွားမီ သတ္တဝါအားလုံးတို့အပေါ်၌ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစေလိုသောစိတ်၊ ဘေးရန်ကင်းရှင်း ချမ်းသာခြင်းနှင့် ပြည့်စုံစေလိုသောစိတ်၊ သတ္တဝါအချင်းချင်း ချစ်ခင်ခြင်း, မေတ္တာဖြင့် ကူညီစောင့်ရှောက်ခြင်းတို့ကို ပြုကြစေလိုသောစိတ်ကို အဖန်ဖန် အထပ်ထပ် ဖြစ်ပွားစေရပါမည်။

ထိုသို့ မရွတ်ပွားမီ မေတ္တာစိတ်အားကောင်းအောင် ဆင်ခြင်နှလုံးသွင်း ပွားများပြီး ဤစာအုပ်၌ ပြဆိုထားသည့် မေတ္တာသုတ္တန်လာ မေတ္တာပွားနည်း ၁၅၈၄–ပါး၊ ပဋိသမ္ဘိဒါမဂ်လာ မေတ္တာပွားနည်း ၅၂၈–ပါးတို့ကို ကြိုးစားပြီး ပွားများလျှင် ထူးခြားသော အကျိုးတရားများ ရရှိကြမည်ဖြစ်ပါသည်။

"အရှင်ဘုရားက ဂုဏ်တော်နှင့် မေတ္တာကို ကြိုးစားပြီး ပွားသည်။ စာကြိုးစားချသည်။ တပည့်တွေကို ကျွေးမွေး စောင့်ရှောက်ပြီး လိမ္မာရေးခြားရှိအောင် သွန်သင်သည်။ ကုသိုလ်များများ ရအောင် နေသည်ဟု မိန့်ဆိုရာ ဂုဏ်တော်ပွားနည်း, မေတ္တာပွားနည်းတို့ကို တပည့်တော်များအား ရေးသားပေးတော်မူပါ"ဟု လျှောက်ထားကြသော သံဃာများနှင့် ဒါယကာ, ဒါယိကာမများအတွက် ဤ မေတ္တာဂုဏ်ရည်ကို ရေးသားပါသည်။

မေတ္တာဖြင့် မိမိစိတ်ကို ထုံမွမ်း၍ သတ္တဝါအားလုံးတို့၏ ကောင်းကျိုးကို ဆောင်လိုကြသော ပုဂ္ဂိုလ်များ ဤမေတ္တာပွားနည်းဖြင့် လောကအကျိုးကို ဆောင်နိုင်ကြပါစေ။

* ခပ်သိမ်းများစွာ၊ သတ္တဝါ၊ ချမ်းသာ ကိုယ်စိတ် မြဲပါစေ။
* တစ်ဦးတစ်ဦး၊ မေတ္တာကူး၊ အထူး ချစ်ခင်ကြပါစေ။
* အကုသိုလ်ရန်၊ ပယ်တွန်းလှန်၊ နိဗ္ဗာန်တံခါး ပွင့်ပါစေ။
* သူတော်ကောင်းတရား၊ လိုက်နာပွား၊ စိတ်ထား ဖြူစင်ကြပါစေ။
* သာသနာ့အလင်းရောင်၊ ထွန်းလင်းအောင်၊ စွမ်းဆောင်ကြိုးစားနိုင်ပါစေ။

ဦးဩဒါတသိရီဘိဝံသ
မဟာနာယကကျောင်းတော်ကြီး
ကမ္ဘာအေးကုန်းမြေ
ရန်ကုန်မြို့
၁၃၇၃–ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့
(၁၂–၁၀–၂၀၁၁)

# မေတ္တာဂုဏ်ရည်

## မေတ္တာအခါတော်နေ့တရားတော်

## မာတိကာ


| စဉ် | အကြောင်းအရာ | မျက်နှာ |
|---|---|---|
| | မေတ္တာသုတ္တန် | ၁ |
| | မေတ္တာစွမ်းရည် | ၄ |
| | မေတ္တာ၏ဆန့်ကျင်ဘက် | ၅ |
| | ဒေါသ၏အပြစ် | ၆ |
| | ရန်တိုက်ပေးတာ ဘယ်သူလဲ | ၆ |
| | မေတ္တာနှင့်ဒေါသတို့၏ ကွာခြားချက် | ၇ |
| | နီးလျက်နဲ့ဝေး | ၈ |
| | ဝေးနေပေမယ့်နီး | ၈ |
| | မီးကို ရေလို အေးစေတယ် | ၉ |
| | ပလ္လင်လုစစ်ပွဲကြီး | ၉ |
| | ဥတ္တရာနှင့် သီရိမာ | ၁၁ |
| | ဒေါသဖြစ်ခြင်းအကြောင်း | ၁၄ |
| | ကိုယ်ချစ်တဲ့လူကို အကြောင်းပြုပြီးလဲ ဖြစ် | ၁၅ |
| | ကိုယ်မုန်းသူကို အကြောင်းပြု | ၁၆ |
| | ကိုယ့်အပြစ်ကို မြင်အောင် ရှု | ၁၇ |
| | အတ္တမာနကို ဖယ်ရှား | ၁၉ |
| | မေတ္တာရှင်တို့၏သဘော | ၂၀ |
| | ငါးကြော်စားသူလိုကျင့်သုံး | ၂၀ |

# အရှင်ဩဒိတသိရီဘိဝံသ

## မာတိကာ

| စဉ် | အကြောင်းအရာ | မျက်နှာ |
|---|---|---|
| | မေတ္တာသုံးမျိုး | ၂၁ |
| | အလွယ်နဲ့အခက် | ၂၃ |
| | မေတ္တာအာသီသဂါထာ | ၂၇ |
| | မေတ္တာသုတ္တန်လာ မေတ္တာပွားများနည်းများ | ၂၈ |
| | အခြေခံတရား (၁၅)ပါး | ၂၈ |
| | မေတ္တာပို့ပုံ | ၃၁ |
| | (က) နှစ်အုပ်စုခွဲ၍ မေတ္တာပို့ပုံ (ဒုကနည်း) | |
| | တသပုဂ္ဂိုလ်, ထာဝရပုဂ္ဂိုလ်စသည်တို့၏အဓိပ္ပာယ် | ၃၂ |
| | ဒုကနည်းဖြင့် နှစ်အုပ်စုခွဲ၍ မေတ္တာပို့ပုံ | ၃၃ |
| | (ခ) တိကနည်းဖြင့် သုံးအုပ်စုခွဲ၍ မေတ္တာပို့နည်း | ၃၄ |
| | ကေက (တစ်ခုစီ) နည်းဖြင့်လည်း ပွားသင့် | ၃၆ |
| | တစ်ခုစီခွဲ၍ မေတ္တာပို့ပုံ | ၃၆ |
| | မေတ္တာ (၅၆၁)ပါး ပွားများပုံ | ၃၈ |
| | အရပ်ဆယ်မျက်နှာ ဖြန့်၍ပွား | ၄၀ |
| | မေတ္တာ (၅၆၁)ပါး (ကေကနည်း) | ၄၅ |
| | ဒုကနည်းဖြင့် အကျယ်ပွားပုံ (မေတ္တာ ၁၃၂–ပါး) | ၄၇ |
| | တိကနည်းဖြင့် အကျယ်ပွားပုံ (မေတ္တာ ၉၉–ပါး) | ၅၀ |
| | မေတ္တာပေါင်းချုပ် | ၅၂ |

# မေတ္တာဂုဏ်ရည်

## မာတိကာ

| စဉ် | အကြောင်းအရာ | မျက်နှာ |
| --- | --- | --- |
| | မေတ္တာပွားနည်း နောက်တစ်မျိုး | ၅၃ |
| | ကေကနည်း မေတ္တာ (၅၆၁–ပါး) | ၅၅ |
| | ဒုကနည်း မေတ္တာ (၁၃၂)ပါး | ၅၉ |
| | တိကနည်းမေတ္တာ (၉၉)ပါး | ၆၂ |
| | ငါးရာနှစ်ဆယ် ရှစ်သွယ်မေတ္တာ | ၆၆ |
| | ပုဂ္ဂိုလ် (၁၂) အုပ်စု | ၆၆ |
| | ဿု (တု) လေးချက် | ၆၇ |
| | ပုဂ္ဂိုလ် (၁၂) စုနှင့် ဿုလေးချက် | ၆၈ |
| | ဩဓိသမေတ္တာ+အနောဓိသမေတ္တာ | ၇၂ |
| | အရပ် (၁၀)မျက်နှာ | ၇၄ |
| | ၅၂၈–မေတ္တာ | ၈၂ |
| | ဩဓိသောဖရဏာမေတ္တာ – ၃၀၈–ပါး | ၈၃ |
| | အနောဓိသောဖရဏာမေတ္တာ – ၂၂၀–ပါး | ၈၄ |
| | ဒိသာဖရဏာမေတ္တာ | ၈၄ |
| | မေတ္တာပွားကျိုး အမျိုးမျိုး | ၈၅ |
| | မေတ္တာဖြင့် တည်ဆောက် | ၉၁ |
| | မေတ္တာသုတ္တပါဠိ | ၉၂ |

မာတိကာပြီးပြီ။

သာသနာတော်နှစ် ၂၅၅၅–ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၃–ခုနှစ်၊
ဝါခေါင်လပြည့်နေ့၊
ခရစ်နှစ် ၂၀၁၁–ခုနှစ်၊ ဩဂုတ်လ ၁၄–ရက်၊ တနင်္ဂနွေနေ့တွင်
မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအစီအစဉ်မှ
အသံလွှင့်ဟောကြားတော်မူအပ်သော
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်
မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊
အဝေရာရာမရန်ကင်းကျောင်းတိုက် ပဓာနနာယက
(အဂ္ဂမဟာပဏ္ဍိတ)
ဘဒ္ဒန္တဩဒါတသိရီဘိဝံသ ၏

## "မေတ္တာအခါတော်နေ့" တရားတော်

ယနေ့ ၁၃၇၃–ခုနှစ်၊ ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့မှာ မေတ္တာတရားတော်ကို ဟောကြားပါမယ်။

### မေတ္တာသုတ္တန်

ဘုန်းကြီးတို့ရဲ့ သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်က ရဟန်းငါးရာဟာ ဟိမဝန္တာနဲ့ တစ်ဆက်တည်း တည်နေတဲ့ တောအုပ်ကြီးတစ်ခုထဲ သွားပြီး တရားအားထုတ်ကြပါတယ်။

ဒီရဟန်းတော်တွေဟာ သီလစင်ကြယ်ကြတဲ့ ရဟန်းတော်များ ဖြစ်လို့ သစ်ပင်ပေါ်မှာ နေကြတဲ့ မျက်စိနဲ့ မမြင်ရတဲ့ နတ်တွေဟာ မြေပေါ်မှာ ဆင်းပြီး နေကြရပါတယ်။

ကြာတော့ ဒီဒုက္ခကို မခံနိုင်ကြတဲ့အတွက် အဲဒီတောစောင့် နတ်၊ သစ်ပင်စောင့်နတ်တွေက ရဟန်းတော်များကို မနေနိုင်အောင် ကြောက်စရာ ရုပ်သွင်တွေ ဖန်ဆင်းပြကြပါတယ်၊ မကောင်းတဲ့ အနံ့ တွေ, ကြောက်စရာကောင်းတဲ့အသံတွေ ပေးကြလို့ ရဟန်းတော် များဟာ နေမကောင်း ထိုင်မသာဖြစ်ပြီး သမာဓိတွေ ပျက်ကြပါတယ်၊ ဆက်လက်နေထိုင်ဖို့ မသင့်တဲ့အတွက် မြတ်စွာဘုရားရှိရာကို ပြန်ခဲ့ ကြပါတယ်။

မြတ်စွာဘုရားက "ချစ်သားတို့ .... ချစ်သားတို့ဟာ သီလ စင်ကြယ်ကြပေမယ့် မေတ္တာဘာဝနာချို့တဲ့နေတဲ့အတွက် အဲဒီတော အုပ်မှာရှိတဲ့ တောစောင့်နတ်တွေ, သစ်ပင်စောင့်နတ်တွေ, မြေစောင့် နတ်တွေရဲ့ နှောင့်ယှက်မှုကို ခံရကြတာ ဖြစ်တယ်။

သင်ချစ်သားတို့ ရဟန္တာဖြစ်ဖို့ တခြားနေရာမှာ သင့်တော်မှာ မဟုတ်ဘူး၊ အဲဒီတောအုပ်ဟာ အသင့်တော်ဆုံးပဲ။ ဒါကြောင့် အဲဒီ တောအုပ်ကိုပဲ ပြန်သွားကြရမယ်။

တောစောင့်နတ်, သစ်ပင်စောင့်နတ်, မြေစောင့်နတ်တွေရဲ့ အနှောင့်အယှက်ကင်းပြီး သူတို့ရဲ့ မေတ္တာနဲ့ ကြိုဆိုမှု, လက်ခံမှု ရအောင် ငါဘုရားက သင်ချစ်သားတို့အား မေတ္တာသုတ်ကို သင်ကြား ပေးမယ်။

ယခု ငါဘုရားက သင်ပေးမယ့် မေတ္တာသုတ္တန်ဟာ သင်ချစ် သားတို့အတွက် ဘေးအန္တရာယ်ကင်းရှင်းခြင်းနဲ့ ဘာဝနာစွမ်းရည်

တိုးတက်ခြင်းဆိုတဲ့ အကျိုးနှစ်မျိုးကို ဖြစ်စေလိမ့်မယ်”ဆိုပြီး မေတ္တာသုတ္တန်ကို သင်ပေးတော်မူပါတယ်။

ရဟန်းတော်များက ဘုရားရှင်သင်ပေးတဲ့အတိုင်း မေတ္တာသုတ္တန်ကို သင်ယူပြီး မေတ္တာသုတ္တန်ကို နှုတ်ကလည်း ရွတ်ပွားကြပါတယ်။ စိတ်ထဲကလည်း ကျန်းမာချမ်းသာစေလို့၊ ငြိမ်းချမ်းစေလိုတဲ့စိတ်နဲ့ ရွတ်ပွားကြပြီး အဲဒီတောအုပ်ကို ပြန်လာခဲ့ကြပါတယ်။

ဒီလို မေတ္တာသုတ္တန်ကို ရွတ်ဆိုပြီး မေတ္တာပို့လာကြတဲ့ ရဟန်းတော်တွေကို တောစောင့်နတ်၊ သစ်ပင်စောင့်နတ်၊ မြေစောင့်နတ်တွေက “ဆွေမျိုးရဟန်းတော်တွေ ပြန်လာကြပြီ”ဆိုပြီး ဘာအန္တရာယ်မှ မပြုကြတဲ့အတွက် ရဟန်းတော်များဟာ ငြိမ်းချမ်းစွာနေထိုင်ကြရပါတယ်။

ဒီမေတ္တာသုတ္တန်မှာ မေတ္တာပွားမည့်ပုဂ္ဂိုလ်များ ပြည့်စုံရမယ့်အင်္ဂါ (၁၅)ချက်နဲ့ မေတ္တာပွားတဲ့အခါမှာ ပုဂ္ဂိုလ်သတ္တဝါတွေကို နှစ်အုပ်စု ခွဲပြီး မေတ္တာပို့ပုံ၊ ပွားပုံ၊ သုံးအုပ်စု ခွဲပြီး မေတ္တာပို့ပုံ၊ ပွားပုံတွေကို ညွှန်ပြထားပါတယ်။

ဒီမေတ္တာသုတ္တန်ကို ဝါခေါင်လထဲမှာ ဟောခဲ့တာဖြစ်တဲ့အတွက် ဝါခေါင်လပြည့်နေ့ကို “မေတ္တာအခါတော်နေ့”လို့ သတ်မှတ်ခဲ့ကြပါတယ်။

မေတ္တာအခါတော်နေ့မှာ မေတ္တာတရားကို ဟောကြ၊ နာကြပြီးတော့ အားလုံးသော သတ္တဝါတွေ ကျန်းမာချမ်းသာကြစေဖို့၊ ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြတဲ့ တိုင်းသူပြည်သားများနဲ့ မြင်အပ်၊ မမြင်အပ် ပုဂ္ဂိုလ်သတ္တဝါတွေအားလုံး

ဘေးရန်ကင်းရှင်း ကျန်းမာချမ်းသာခြင်းနဲ့ ပြည့်စုံပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီးကို အောင်မြင်စွာ တည်ဆောက်နိုင်ဖို့ မေတ္တာပွားများ မေတ္တာတရားကို လက်ကိုင်ကျင့်သုံးကြရမှာ ဖြစ်ပါတယ်။

## မေတ္တာစွမ်းရည်

"မေတ္တာ"ဆိုတာ ရန်သူ+မိတ်ဆွေ မခွဲခြားဘဲ အားလုံးသောပုဂ္ဂိုလ် သတ္တဝါတွေကို ကျန်းမာစေလို၊ ချမ်းသာစေလို၊ ကြီးပွားအောင်မြင် တိုးတက်စေလိုတဲ့ တရားဖြစ်လို့ မေတ္တာဟာ ကမ္ဘာလောကကြီးကို သာယာငြိမ်းချမ်းစေပါတယ်။ အမျက်ဒေါသ ရန်ငြိုးအာဃာတ မာန်မာန ဆိုတဲ့ အဖျက်တရား အဆိုးတရားတွေကို ပယ်ရှင်းပေးတဲ့တရားမို့ မေတ္တာတရားဟာ လူတိုင်းလူတိုင်း လက်ကိုင်ထားကြရမယ့် တရားဖြစ်ပါတယ်။

"မေတ္တာ သဗ္ဗလောကသုဝလ္လဘာ = မေတ္တာဟာ လူသားအားလုံး သတ္တဝါအားလုံးကို ချစ်ကျွမ်းဝင်စေတဲ့တရား"လို့ ကျမ်းဂန်များမှာ ပြဆိုတဲ့အတွက် ငြိမ်းချမ်းမှုကို လိုလားတဲ့ ပုဂ္ဂိုလ်တိုင်း၊ လူအများရဲ့ ချစ်ခင်မှု၊ မြတ်နိုးထောက်ခံမှုကို ရလိုတဲ့လူတိုင်း မေတ္တာတရားကို လက်ကိုင်ထားကြရမှာ ဖြစ်ပါတယ်။

မေတ္တာတရားဟာ လူတိုင်းလူတိုင်းနဲ့ သင့်တော်သလို အချိန်တိုင်း အချိန်တိုင်းမှာလည်း မေတ္တာရှိနေဖို့ လိုအပ်ပါတယ်။

ဒါကြောင့်မို့ ဘုရားရှင်က "တိဋ္ဌံ စရံ နိသိန္နောဝ၊ သယာနောယာဝတာဿ ဝိတမိဒ္ဓေါ"လို့ မေတ္တသုတ္တန်မှာ မိန့်ကြားခဲ့ခြင်းဖြစ်ပါတယ်။

ဘုရားရှင်က "ရပ်နေရင်းလည်း မေတ္တာတရား လက်ကိုင်ရှိစေရမယ်၊ လမ်းသွားရင်း, လမ်းလျှောက်ရင်းလည်း မေတ္တာနဲ့ လျှောက်နေရမယ်၊ သွားရမယ်၊ ထိုင်နေရင်းလည်း မေတ္တာနဲ့ ထိုင်နေရမယ်၊ အိပ်ရာပေါ် လျောင်းစက်နေရင်းလည်း မေတ္တာလက်မလွှတ်ပါစေနဲ့၊ မေတ္တာနဲ့ လျောင်းစက်နေရမယ်"လို့ ဟောကြားညွှန်ပြထားတာ ဖြစ်ပါတယ်။

မေတ္တာဘာဝနာ ပွားများနေခြင်းကို မြင့်မြတ်သောနေခြင်းလို့လည်း ဘုရားရှင်က ဟောကြားပါတယ်။

မေတ္တာဟာ မုန်းတီးခြင်း ဒေါသ၊ ထောင်လွှားခြင်း, မောက်မာခြင်း မာန၊ ရန်ငြိုးဖွဲ့ခြင်း အာဃာတ၊ မနာလိုခြင်း ဣဿာ၊ မပေးလို မကူညီလိုတဲ့ မစ္ဆရိယ စတဲ့ တရားဆိုး တရားညံ့တွေကို ဖယ်ရှားပေးနိုင်တဲ့အတွက် အများကောင်းကျိုးကို ဆောင်တဲ့တရားဖြစ်လို့ မေတ္တာပွားနေသူ, မေတ္တာစိတ်အားကောင်းသူကို လူတွေကလည်း ချစ်ခင်ကြပါတယ်၊ နတ်တွေကလည်း ချစ်ခင်ကြပါတယ်၊ အန္တရာယ်ကင်းပျောက် ချမ်းသာရောက်အောင် နတ်ကောင်း နတ်မြတ်တွေကလည်း စောင့်ရှောက်ကြပါတယ်၊ နတ်ဆိုး နတ်မိုက်တို့ရဲ့ နှောင့်ယှက်မှု ရန်သူတို့ရဲ့ တိုက်ခိုက်မှုတို့မှလည်း ကာကွယ်ပေးပါတယ်၊ လက်နက်ဘေး, အဆိပ်ဘေးတို့မှလည်း ကာကွယ်တားဆီးပေးပါတယ်။

## မေတ္တာ၏ဆန့်ကျင်ဘက်

မေတ္တာရဲ့ ဆန့်ကျင်ဘက်ကတော့ စိတ်ဆိုးခြင်း, မုန်းတီးခြင်း, စိတ်ညစ် စိတ်ကောက်ခြင်းဆိုတဲ့ ဒေါသပဲဖြစ်ပါတယ်။

မေတ္တာပွားများလိုသူဟာ မေတ္တာရဲ့ အကျိုးအာနိသင်တွေကို သိမြင်ဖို့ လိုအပ်သလို မေတ္တာရဲ့ ဆန့်ကျင်ဘက် ဒေါသရဲ့အပြစ်တွေကိုလည်း သိအောင် ကြိုးစားအားထုတ်ကြရပါတယ်၊ ဒေါသရဲ့ ဆိုးကျိုးတွေကို သိမှ ဒေါသကို ထိန်းနိုင်သလို မေတ္တာရဲ့ အာနိသင်တွေကို သိမှလည်း မေတ္တာစိတ်ထားနိုင်ကြမှာ ဖြစ်ပါတယ်။

## ဒေါသ၏အပြစ်

မေတ္တာရဲ့ ဆန့်ကျင်ဖက်ဟာ ဒေါသပါ၊ ဒေါသဟာ အဖျက်တရားသက်သက်ပါ၊ ဒေါသဆိုတာ စိတ်ဆိုးခြင်း, သည်းမခံနိုင်ခြင်း, အပြစ်ရှာခြင်း, အပြစ်ကို ပုံကြီးချဲ့ခြင်း, စိတ်ညစ်စိတ်ကောက်ခြင်း, ရန်ငြိုးဖွဲ့ခြင်းဆိုတဲ့ လက္ခဏာတွေ ရှိပါတယ်။

ဒေါသအားကြီးသူဟာ အရာရာကို စိတ်တိုင်းမကျ ဖြစ်တတ်ပါတယ်၊ စိတ်ဆိုးလွယ်ပါတယ်၊ အငြိုးအတေးတွေ ထားတတ်ပါတယ်။

ဒေါသဟာ ကိုယ့်စိတ်ကို ပူလောင်အောင် လုပ်တဲ့အပြင် ပတ်ဝန်းကျင်ကိုလည်း ဒုက္ခပေးတတ်ပါတယ်။

## ရန်တိုက်ပေးတာ ဘယ်သူလဲ

ဒေါသဟာ မိဘနဲ့သားသမီး အဆင်မပြေအောင် ရန်တိုက်ပေးတတ်ပါတယ်။ ထို့အတူ ဇနီးမောင်နှံတွေ မတည့်အောင်၊ ညီအစ်ကို မောင်နှမ အချင်းချင်း စိတ်ဝမ်းကွဲအောင်၊ မိတ်ဆွေသူငယ်ချင်း အချင်းချင်း အထင်မှား အမြင်မှားဖြစ်အောင်၊ မခေါ်ချင် မပြောချင် မကြည့်ချင်အောင် ဒီဒေါသက ရန်တိုက်ပေးပါတယ်။

မိဘနဲ့သားသမီး၊ ဖနီးနဲ့ခင်ပွန်း၊ ညီအစ်ကို မောင်နှမ အချင်းချင်းကို ရန်သူတွေ ဖြစ်အောင် ဒေါသက လုပ်တတ်ပါတယ်။ လူမျိုးအချင်းချင်း၊ တိုင်းရင်းသားအချင်းချင်း စိတ်ဝမ်းကွဲအောင်, ညီညွတ်မှုတွေ ပျက်ပြားအောင်, အေးချမ်းမှုတွေ ပျက်သုဉ်းအောင် ဒီဒေါသက ရန်တိုက်ပေးတာ ဖြစ်ပါတယ်။

တစ်အိမ်နဲ့တစ်အိမ်, တစ်ရွာနဲ့တစ်ရွာ, တစ်မြို့နဲ့တစ်မြို့, တစ်နိုင်ငံနဲ့တစ်နိုင်ငံ ရန်ပွဲကြီးတွေ၊ စစ်ပွဲကြီးတွေ ဖြစ်ကြရတာဟာလည်း ဒီဒေါသကြောင့် ဖြစ်ပါတယ်။

မေတ္တာက ညီညွတ်စည်းလုံးအောင်, ချစ်ခင်အောင် လုပ်ပေးပါတယ်။ ဒေါသက ညီညွတ်စည်းလုံးမှု ပျက်ပြားအောင်, ရန်ဖြစ်အောင် လုပ်ပေးပါတယ်။

ဒါ့ကြောင့်မို့ "သဗ္ဗလောကဝိနာသကော ဒေါသော = လောကကြီးတစ်ခုလုံးကို ပျက်စီးသွားအောင် ဖျက်ဆီးနိုင်တဲ့ စွမ်းအားဟာ ဒေါသပဲ"လို့ ကျမ်းဂန်များမှာ ပြဆိုပါတယ်။

## မေတ္တာနှင့်ဒေါသတို့၏ ကွာခြားချက်

မေတ္တာဟာ သူတစ်ပါးတို့ရဲ့အပြစ်ကို မရှာဘဲ ကောင်းကွက်ကိုသာ ရှုတတ်ပါတယ်။ အများကောင်းကျိုးကို ဆောင်တတ်ပါတယ်၊ သူတစ်ပါး ချမ်းသာပျော်ရွှင်နေတာကို မြင်ချင် ကြားချင်ပါတယ်။ ဒါ့ကြောင့်မို့ မေတ္တာဟာ ဝေးနေသူတို့ကို နီးစေပါတယ်။

ဒေါသကတော့ သူတစ်ပါးရဲ့အကျိုးကို မဆောင်ချင်ဘူး၊ သူတစ်ပါးကြီးပွားချမ်းသာတာကို မမြင်လို, မကြားလိုတဲ့ ဣဿာတရား၊ ဆင်းရဲနွမ်းပါးသူ အကူအညီ လိုအပ်နေသူကို မပေးချင်, မကမ်းချင်,

မထောက်ပံ့ချင်, မကူညီချင်တဲ့ မစ္ဆရိယတရားဆိုးတွေကိုပါ တွဲခေါ် လာတဲ့အတွက် နီးနေသူတွေကို ဝေးစေတတ်ပါတယ်။

## နီးလျက်နဲ့ဝေး

အိမ်နီးနားချင်းဖြစ်ပေမယ့် တစ်အိမ်နဲ့တစ်အိမ် မုန်းနေကြပြီ မတည့်ကြတော့ဘူးဆိုရင် သူတို့နှစ်အိမ်ဟာ နီးလျက်နဲ့ ဝေးနေကြမှာဖြစ်ပါတယ်။ တစ်ယောက်နဲ့တစ်ယောက် မုန်းနေကြပြီဆိုရင် တစ်ဖက်လူက ရိုးရိုးသားသား ပြောနေတာကိုပင် ငါ့အတင်းကို ပြောနေတယ်၊ ငါ့ကို စောင်းချိတ်ပြောနေတယ်လို့ ထင်ပြီး မုန်းသထက် မုန်း, ဝေးသထက်ဝေးနေကြမှာ သေချာပါတယ်။

## ဝေးနေပေမယ့်နီး

မေတ္တာရှိသူကတော့ နီးနီးဝေးဝေး အားလုံးသော ပုဂ္ဂိုလ် သတ္တဝါတွေရဲ့ ကောင်းကျိုးကိုပဲ လိုလားနေတဲ့အတွက် ပင်လယ် ကြီးတွေ ခြားကွယ်နေတဲ့ နိုင်ငံရပ်ခြား တိုင်းတစ်ပါးက သူတွေကို တောင် ချစ်ခင်တတ်ပါတယ်။ တစ်နိုင်ငံနဲ့တစ်နိုင်ငံ မေတ္တာတွေ ရှိလာကြပြီဆိုရင် မိုင်ပေါင်းထောင်ချီပြီး ဝေးနေပေမယ့် တစ်နိုင်ငံနဲ့ တစ်နိုင်ငံဟာ ကူးလူးဆက်ဆံမှုတွေ ရှိပြီး စိတ်ထားချင်းနီးစပ် စီးပွား ချင်းလည်း နီးစပ်စေပါတယ်၊ တစ်နိုင်ငံရဲ့အကျိုးကို တစ်နိုင်ငံက ကူညီဆောင်ရွက်ပေးသလို နှစ်ဦးနှစ်ဖက်ရဲ့အကျိုးကိုလည်း လက် တွဲဆောင်ရွက်ပြီး ချစ်ခင်မှုတွေ တိုးပွားလာကြပါတယ်။

ဒါ့ကြောင့်မို့ “မေတ္တာသည် သမုဒ္ဒရာကြီးကို ရေတွင်းငယ် လေးသဖွယ်ဖြစ်အောင် လုပ်နိုင်တယ်”လို့ ဆိုခြင်းဖြစ်ပါတယ်။

## မီးကို ရေလို အေးစေတယ်

မေတ္တာဟာ အပြင်းအထန်တောက်လောင်နေတဲ့ ရန်မီးကြီးတွေကို ရေစင်ရေအေးလို ဖြစ်အောင် လုပ်နိုင်ပါတယ်။ ဒေါသကတော့ အေးချမ်းနေတဲ့ အခြေအနေတွေကို ပူလောင်သွားအောင်, ဆင်းရဲသွားအောင် လုပ်နိုင်ပါတယ်၊ ကမ္ဘာမှာ ဖြစ်ပေါ်ခဲ့ရတဲ့ စစ်ပွဲကြီးတွေ၊ ယခုဖြစ်နေတဲ့ စစ်ပွဲတွေဟာ ဒေါသတရားကြောင့် ဖြစ်ရတာပါ။

ဒီလိုစစ်ပွဲကြီးတွေ ဖြစ်လို့ လူတွေ သန်းနဲ့ချီပြီး သေခဲ့ကြရတာ ဒုတိယကမ္ဘာစစ်ကြီးက သက်သေပြခဲ့ပါတယ်။ အဏုမြူဗုံးတွေ ဖျက်ဆီးအားကောင်းတဲ့ဗုံး လက်နက်တွေကြောင့် မြို့ရွာတွေ ပျက်စီးခဲ့ရသလို လူတွေလည်း သေသူသေ၊ ခြေပြတ်သူပြတ်၊ လက်ပြတ်သူပြတ်နဲ့ လူစဉ်မမီ ဖြစ်ခဲ့ရတာတွေလည်း အများကြီးပါ။ ဒါ မေတ္တာရဲ့ဆန့်ကျင်ဘက် ဒေါသကြောင့် မာန်မာနကြောင့် ဖြစ်ကြရတာပါ။

## ပလ္လင်လုစစ်ပွဲကြီး

ဘုန်းကြီးတို့ရဲ့ ဘုရားရှင် ဘုရားဖြစ်ခါနီး ဗောဓိပင်နဲ့ ရွှေပလ္လင်မှာ ထိုင်ပြီး တရားရှုမှတ်နေတုန်း အဖျက်သမားတို့ရဲ့ ခေါင်းဆောင်မာရ်နတ်ကြီးဟာ နောက်လိုက်နောက်ပါ နတ်ဆိုး နတ်မိုက်များစွာနဲ့ ရောက်လာပြီး ပလ္လင်လုတဲ့ စစ်ပွဲကြီး ဆင်နွှဲခဲ့ပါတယ်။ လက်နက်ဆိုလို့ အပ်တိုတစ်ချောင်းတောင် မပါတဲ့ ဘုရားအလောင်းတော်မြတ်ကို ဓား, လှံ, လေး, မြား, လက်နက်တွေနဲ့ ပစ်ခတ်သလို မီးကျီးမိုးတွေ, ပြာပူမိုးတွေ ရွာချပြီးတော့လည်း တိုက်ခိုက်ပါတယ်။

အပြင်းထန်ဆုံးဖြစ်တဲ့ ဘွဲ့ဖြူလက်နက်နဲ့လည်း ပစ်ခတ်တိုက်ခိုက်ပါတယ်။

မာရ်နတ်နဲ့ သူ့ရဲ့စစ်တပ်ကြီးက ဘယ်လောက်တိုက်တိုက် ဘုရားအလောင်းတော်မှာ ကြောက်လန့်တဲ့ဒေါသ၊ ငါ့ကို အပြစ်မရှိ အပြစ်ရှာပြီး တိုက်ရမလားဆိုပြီး မာရ်နတ်အပေါ် စိတ်ဆိုးဒေါသ နည်းနည်းလေးမှ မဖြစ်ဘဲ အလွန်အစွမ်းထက်တဲ့ မေတ္တာလက်နက်နဲ့ပဲ ခုခံခဲ့ပါတယ်။

မာရ်နတ်ကြီး ပစ်ခတ်လိုက်တဲ့ ဓား, လှံ, မြားတွေဟာ ဘုရားအလောင်းတော်နား ရောက်တဲ့အခါ တံခွန်, ကုက္ကားတွေ ဖြစ်ပြီး ဘုရားအလောင်းတော်ကို ဦးခိုက်ပြီး နေကြပါတယ်။ အပြင်းအထန် ရွာချလိုက်တဲ့ မီးကျီးခဲမိုးတွေ, ပြာပူမိုးတွေဟာလည်း ဘုရားအလောင်းတော်နား ရောက်တဲ့အခါ စိန်ခဲရွှေခဲ, ပတ္တမြားခဲတွေ, နံ့သာမှုန့်တွေ ဖြစ်သွားပြီး ဘုရားအလောင်းတော် ပတ်ပတ်လည်မှာ ဖြန့်ကျဲ ပူဇော်နေကြပါတယ်။

နောက်ဆုံးတော့ မာရ်နတ်ရှုံးပြီး နောက်လိုက်နောက်ပါများ နှင့်တကွ ကသောကမြော ထွက်ပြေးခဲ့ရပါတယ်။ ဘုရားအလောင်းတော်ရဲ့ မေတ္တာဓာတ်ဟာ ပြင်းထန်စွာ တောက်လောက်နေတဲ့ မာရ်နတ်ကြီးရဲ့ ဒေါသမီးကို ကာကွယ်တားဆီးပြီး မိမိရဲ့ မေတ္တာအအေးဓာတ်ကို ကောင်းကောင်းကြီး ခံစားစေခဲ့ပါတယ်။

ဒါ့ကြောင့်မို့ မေတ္တာဟာ မီးကို ရေလို အေးအောင် ဆောင်ရွက်နိုင်တယ်လို့ ဆိုခြင်းဖြစ်ပါတယ်။

## ဥတ္တရာနှင့် သီရိမာ

ဘုန်းကြီးတို့ ဘုရားရှင် သက်တော်ထင်ရှားရှိစဉ်က ရာဇဂြိုဟ် မြို့မှာ ဥတ္တရာဆိုတဲ့ သူဌေးသမီးဟာ ရတနာသုံးပါးကို သက်ဝင် ယုံကြည် ကိုးကွယ်တဲ့ ဗုဒ္ဓဘာသာဝင် အမျိုးသမီးပါ။ အဲဒီဥတ္တရာဟာ မိဘများရဲ့ စီစဉ်နေရာချထားမှုအရ မိစ္ဆာဒိဋ္ဌိသူဌေးသားနဲ့ လက်ထပ် ခဲ့ရပါတယ်။

ဘာသာမတူတဲ့ အမျိုးသားနဲ့ လက်ထပ်ရပေမယ့် မယား ဝတ်တရား မပျက်စေဘဲ ခင်ပွန်းသည်အပေါ်မှာ ပြုသင့်ပြုထိုက်တဲ့ လုပ်ငန်းကိစ္စတွေကို မညည်းမငြူ ဆောင်ရွက်ပေးပါတယ်။

မိစ္ဆာဒိဋ္ဌိလင်ယောကျ်ားအိမ်မှာ လိုက်နေရတာမို့ ဘုရားနှင့် တကွ သံဃာတော်တွေကို ဆွမ်းကပ်လှူခြင်း, တရားနာခြင်းစတဲ့ ကုသိုလ်တွေ လုပ်ခွင့်မရရှာပါဘူး။ ဘုရားဝေး, သံဃာဝေး နေနေ ရရှာပါတယ်။ ဒီလို ဘုရားဝေး, သံဃာဝေး နေနေရတာကိုတော့ ဥတ္တရာဟာ လုံးဝ သဘောမကျပါဘူး၊ ဘုရားကို ဖူးချင်, တရားကို နာချင်, သံဃာကို ဆွမ်းကပ်ချင်တဲ့စိတ်တွေပဲ ဖြစ်နေပါတယ်။

ဒါ့ကြောင့်မို့ အဲဒီခေတ်က နာမည်ကြီးတဲ့ သီရိမာဆိုတဲ့ ပြည့် တန်ဆာမထံ သွားပြီး သူ့ကိုယ်စား သူရဲ့ခင်ပွန်းဖြစ်သူ မိစ္ဆာဒိဋ္ဌိ သူဌေးသားကို (၁၅)ရက် ပြုစုပေးဖို့ သတ်မှတ်ငွေကြေးနဲ့ ပြောပြ ပါတယ်။ သီရိမာကလည်း သဘောတူလို့ ခင်ပွန်းဖြစ်သူ သူဌေး သားကို ပြောပြတဲ့အခါ သီရိမာကို နှစ်သက်နေတဲ့ သူဌေးသားက လည်း လက်ခံပါတယ်။

အဲဒီလို လက်ခံတဲ့အတွက် ခင်ပွန်းဖြစ်သူ မိစ္ဆာဒိဋ္ဌိ သူဌေး သားကို မိမိကိုယ်စား ပြုစုဖို့ သီရိမာကို တာဝန်ပေးပြီး ဥတ္တရာက

သံဃာတော်တွေကို အိမ်ပင့်ပြီး နေ့တိုင်းနေ့တိုင်း ဆွမ်းကပ်ပါတယ်။ ကိုယ်တိုင်ချက်ပြုတ်ပြီး သံဃာတော်တွေကို ဆွမ်းကပ်ပါတယ်၊ တရားတွေ နာပါတယ်။ ဒီလိုဆောင်ရွက်ခွင့်ရတဲ့အတွက် ငွေကြေးပေးပြီး ငှားထားရတာ ဖြစ်ပေမယ့် သိရီမာကို ဥတ္တရာက သိပ်ကျေးဇူးတင်နေပါတယ်။

(၁၅)ရက်ပြည့်ခါနီး နေ့တစ်နေ့မှာ ကိုယ်တိုင်ချက်ပြုတ် လုပ်ကိုင်နေရတဲ့အတွက် အိုးမဲတွေ, ပြာတွေလူးနေတဲ့ ဥတ္တရာကို ကြည့်ပြီး သူဌေးသားက ပြုံးပါတယ်၊ ဒီလို ပြုံးတာကို သိရီမာက မြင်လိုက်ရတော့ မိမိရဲ့ အငှားမယားဘဝကို မေ့ပျောက်ပြီး ဥတ္တရာအပေါ် မနာလို ဝန်တိုစိတ်တွေ ဖြစ်လာပါတယ်။

ဒါ့ကြောင့်မို့ သိရီမာက ကျိုက်ကျိုက်ဆူနေတဲ့ ဆီပူအိုးထဲက ဆီကို ယောက်ချိုနဲ့ ခတ်ပြီး ဥတ္တရာမျက်နှာကို ပက်ဖို့ လောင်းဖို့ ဒေါသတကြီးနဲ့ လာခဲ့ပါတယ်။

ဒါကို ဥတ္တရာက မြင်တဲ့အခါ "ငါ၏ သူငယ်ချင်းမ သိရီမာဟာ ငါ့ရဲ့အပေါ်မှာ ကျေးဇူးတွေ အများကြီးရှိတယ်၊ သူ့ကျေးဇူးတွေဟာ ကောင်းကင်ကြီးထက်လည်း ကျယ်ပြန့်တယ်၊ မြင်းမိုရ်တောင်ကြီးထက်လည်း ကြီးမားမြင့်မောက်ပါတယ်။ ဒီစကားမှန်ကန်ပါက သူလောင်းမယ့်, ပက်မယ့် ဆီပူတွေဟာ ရေလို အေးမြပါစေ"လို့ မေတ္တာလဲပို့, သစ္စာလည်း ပြုပါတယ်။

အဲဒီမေတ္တာတန်ခိုးကြောင့် သိရီမာလောင်းလိုက်, ပက်လိုက်တဲ့ ကျိုက်ကျိုက်ဆူနေတဲ့ ဆီပူတွေဟာ ရေလို အေးပြီး ဥတ္တရာကို ဘာအန္တရာယ်မှ မဖြစ်စေပါဘူး။

ဒီလို ဆီပူနဲ့ လောင်းလိုက်၊ ပက်လိုက်ပေမယ့် ဘာမှမဖြစ်တာ မြင်တဲ့အခါ သိရိမာက ပိုပြီး ဒေါသဖြစ်တယ်၊ နောက်တစ်ကြိမ် ထပ်ပက် ထပ်လောင်းအုံးမယ်ဆိုပြီး ဆီပူအိုးထဲက ဆီပူတွေကို ထပ်ခတ်တဲ့အခါ ဥတ္တရာရဲ့ ကျွန်မတွေ၊ အလုပ်သမားတွေက "သခင်မကို ရက်ရက်စက်စက် လုပ်ရမလား"ဆိုပြီး ဝိုင်းရိုက်ကြပါတယ်။ ဥတ္တရာက သူ့ကျွန်မလေးတွေ၊ အလုပ်သမားတွေကို ဟန့်တားလို့ သိရိမာဟာ သက်သာရာ ရသွားပါတယ်။

ဒါ့ကြောင့် မေတ္တာဟာ မီးကို ရေလို အေးစေတတ်တယ်လို့ ဆိုခြင်းဖြစ်ပါတယ်။

လူသူမနီး တောကြီးထဲမှာ တစ်ပါးတည်း နေပြီး မေတ္တာဘာဝနာ ပွားများနေကြတဲ့ ရဟန်းသူတော်စင် လူသုံတော်စင်တွေ ဆိုတာ ရှိပါတယ်။ အဲဒီပုဂ္ဂိုလ်များနေကြတဲ့ တောကြီးတွေဟာ ဆင်နေကျားအောင်း တောကြီးတွေပါ။ ခြင်္သေ့တို့၊ ကျားတို့၊ ကျားသစ်တို့စတဲ့ သားရဲတိရစ္ဆာန်တွေဟာ ကြီးနိုင်ငယ်ညှဉ်းသဘောနဲ့ သားကောင်တွေ ဖမ်းပြီး ကြမ်းတမ်းရက်စက်စွာ သတ်ဖြတ် စားသောက်တတ်ကြပါတယ်၊ အဆိပ်ပြင်းထန်တဲ့ တောမြွေဆိုးကြီးတွေဟာလည်း အန္တရာယ်ပြုတတ်တဲ့ သတ္တဝါတွေပဲ ဖြစ်ပါတယ်။

အဲဒီလို သားရဲတိရစ္ဆာန်တွေ၊ မြွေဆိုးတွေရှိတဲ့ တောထဲမှာ မေတ္တာလက်နက် ကိုင်စွဲပြီး တရားဘာဝနာ အားထုတ်ကြတဲ့ ပုဂ္ဂိုလ်တွေကို အဲဒီသားရဲတိရစ္ဆာန်တွေက ဘာအန္တရာယ်မှ မပြုဘဲ ယုန်ငယ်လေးများကို အေးချမ်းစွာ နေကြပါတယ်။

ဘုန်းကြီးတို့ မြန်မာနိုင်ငံ ပဋိပတ္တိသာသနာဝင်မှာ ဘုန်းတော်ကြီး ဦးသီလလို့ ထင်ရှားခဲ့တဲ့ ပဲခူးနယ်က ဆရာတော်ဘုရားကြီးရဲ့

ထေရုပ္ပတ္တိကို ဖတ်ကြည့်ရင် ယခုပြောခဲ့တဲ့အချက်တွေ အများကြီး တွေ့ကြရမှာ ဖြစ်ပါတယ်။

## ဒေါသဖြစ်ခြင်းအကြောင်း

မုန်းတီးမှု, ရန်ငြိုးဖွဲ့မှုဆိုတဲ့ ဒေါသ အာဃာတ တရားဟာ အကြောင်းမဲ့ဖြစ်ပေါ်လာတာ မဟုတ်ပါဘူး၊ အကြောင်းရှိလို့ ဖြစ်ပေါ် လာတဲ့တရားပါ။ ဒေါသဟာ အဆိုးကိုသာ ရှုတတ်တဲ့ သဘော လက္ခဏာရှိတာမို့ သူတစ်ပါးရဲ့ မကောင်းတဲ့လုပ်ရပ်၊ မကောင်းတဲ့ အပြောအဆိုတွေကိုသာ ကြည့်တတ်မြင်တတ်ပါတယ်။

ကျမ်းဂန်များမှာ ဒေါသအာဃာတဖြစ်ခြင်းရဲ့ အကြောင်းကိုးပါး (အာဃာတဝတ္ထုကိုးပါး)ကို မြတ်ဗုဒ္ဓက ညွှန်ပြခဲ့တာ ရှိပါတယ်။

မုန်းတီးခြင်း, ရန်ငြိုးအာဃာတဖွဲ့ခြင်းဆိုတဲ့ ဒေါသ, အာဃာတ ဟာ ကိုယ့်ကို အကြောင်းပြုပြီး ဖြစ်တာက သုံးမျိုး။

ကိုယ်ချစ်ခင်တဲ့ ခင်မင်ရင်နှီးတဲ့ပုဂ္ဂိုလ်ကို အကြောင်းပြုပြီး ဖြစ်တာက သုံးမျိုး။

ကိုယ်မုန်းနေတဲ့ ပုဂ္ဂိုလ်ကို အကြောင်းပြုပြီး ဖြစ်တာက သုံး မျိုးလို့ ဆိုပြီး ပေါင်း ကိုးမျိုးရှိပါတယ်။

လောကမှာ ကိုယ့်ကို တစ်စုံတစ်ယောက်က ရန်ပြုဖူးတယ်၊ ဒုက္ခရောက်အောင် ဂုဏ်သရေညှိုးနွမ်းအောင် ပြုလုပ်ဖူးတယ်၊ ဒါမှ မဟုတ် တစ်စုံတစ်ယောက်က ကိုယ့်အပြစ်တွေကို ပြောဖူးတယ် ဆိုရင် အဲဒီပြုလုပ်ဖူး, ပြောဖူးတဲ့ အတိတ်ဖြစ်ရပ်ကို အကြောင်း ပြုပြီး ဒေါသတွေ, အာဃာတတွေ ဖြစ်တတ်ပါတယ်၊ ထားတတ် ပါတယ်။

တစ်ခါတလေကျတော့ လောလောဆယ် မိမိကို တစ်စုံတစ်ယောက်က ရန်ပြုနေတယ်၊ ရန်စနေတယ်၊ အပြစ်တွေ ပြောနေတယ်၊ ဂုဏ်သိက္ခာ ညှိုးနွမ်းအောင် လုပ်နေတယ်ဆိုရင် အဲဒီလောလော ဆယ်လုပ်ရပ်ကို အကြောင်းပြုပြီးတော့လည်း ဒေါသ အာဃာတတွေ ဖြစ်တတ်ပါတယ်။

တစ်ချို့ကျတော့ အရင်က ကိုယ့်ကို ဒုက္ခရောက်အောင် လုပ်ဖူးတာ, လောလောဆယ်လည်း ကိုယ့်ကို ဒုက္ခရောက်အောင် လုပ်နေတာကို အကြောင်းပြုပြီး "ဒီပုဂ္ဂိုလ်ဟာ နောင်လည်း ငါ့ကို ဒီလို ဒုက္ခရောက်အောင် လုပ်လိမ့်အုံးမယ်၊ ငါ့အပြစ်တွေကို ပြောလိမ့်အုံးမယ်"ဆိုပြီး မဖြစ်ပေါ်သေးတဲ့ အနာဂတ်ကို ကိုယ့်ဘာသာ ကြိုတွေးပြီး မုန်းတီးမှုတွေ, ရန်ငြိုးဖွဲ့မှုတွေ ဖြစ်တတ်ပါတယ်၊ ဒါက အတိတ်က ဖြစ်ရပ်တွေကို အကြောင်းပြုပြီး ဒေါသ, အာဃာတဖြစ်ခြင်း သုံးမျိုး ဖြစ်ပါတယ်။

## ကိုယ်ချစ်တဲ့လူကို အကြောင်းပြုပြီးလဲ ဖြစ်

တစ်ခါတစ်ရံကျတော့လည်း ကိုယ်ချစ်တဲ့လူ, ခင်မင်နေတဲ့လူကို တစ်စုံတစ်ယောက်က ရန်ပြုဖူးတယ်၊ အပြစ်ပြောဖူး, ကဲ့ရဲ့ ရှုတ်ချဖူးတယ်ဆိုရင် အဲဒီအတိတ်ဖြစ်ရပ်ကို အကြောင်းပြုပြီးတော့လည်း မုန်းတီးမှုတွေ, ရန်ငြိုးဖွဲ့မှုတွေ ဖြစ်တတ်ပါတယ်။

ဥပမာ – ကိုယ့်သားသမီးကို တစ်စုံတစ်ယောက်က ရိုက်ဖူး, နှက်ဖူးတယ်၊ ရန်စဖူးတယ်၊ အပြစ်တွေ ပြောဖူးတယ်ဆိုရင် အဲဒီပုဂ္ဂိုလ်ကို မိဖဖြစ်တဲ့ မိမိက မုန်းနေတတ်တာမျိုးပါ။

ထို့အတူ ကိုယ်ချစ်တဲ့သူ၊ ကိုယ့်သားသမီး၊ ကိုယ်ဆွေမျိုး၊ ကိုယ့်သူငယ်ချင်းကို တစ်စုံတစ်ယောက်က ရန်ပြုနေရင်, အပြစ်တွေ လျှောက်ပြောနေရင် လောလောဆယ်ဖြစ်ပေါ်နေတဲ့ ပစ္စုပ္ပန်အနေ အထားကို အကြောင်းပြုပြီး မုန်းတီးမှုတွေ, မကျေနပ်မှုတွေ ဖြစ် တတ်ပါတယ်။

တချို့ကျတော့ ကိုယ်ချစ်တဲ့သူ ခင်မင်ရင်းနှီးသူတွေကို ရန် ပြုဖူးခဲ့တဲ့ဖြစ်ရပ်၊ အကျိုးမဲ့အောင် လုပ်ခဲ့တဲ့ ဖြစ်ရပ်တွေကို အကြောင်း ပြုပြီး နောင်လည်း "ဒီလူဟာ ဒီလိုလုပ်လိမ့်အုံးမယ်"ဆိုပြီး အနာဂတ် အရေးကို မျှော်တွေးပြီးတော့ ဒေါသတွေ, မုန်းတီးမှုတွေ, အမြင် ကပ်မှုတွေ ဖြစ်တတ်ပါတယ်။

## ကိုယ်မုန်းသူကို အကြောင်းပြု

နောက်သုံးမျိုးကတော့ ကိုယ်မုန်းတဲ့သူကို အကြောင်းပြုပြီး မုန်းတီးခြင်း, ရန်ငြိုးဖွဲ့ခြင်းပါ။ တစ်စုံတစ်ယောက်က ကိုယ်နဲ့မတဲ့တဲ့ သူ, မုန်းနေသူတွေကို အကောင်းတွေ ပြောနေယ်၊ သူတို့အလုပ် တွေကို ဝိုင်းကူလုပ်ပေးနေတယ်ဆိုရင် ကိုယ်က အလိုမကျမှုတွေ, မုန်းတီးမှုတွေ, မကျေနပ်မှုတွေ ဖြစ်တတ်ပါတယ်။ အဲဒီဟာကလည်း အတိတ်ဖြစ်ရပ်, ပစ္စုပ္ပန်အခြေအနေ, အနာဂတ်အတွက် တွေးထင် ယူဆမှုတွေကို အကြောင်းပြုပြီး ဒေါသတွေ, အာဃာတတွေ ဖြစ် တာမို့ သုံးမျိုးရှိတယ်လို့ မှတ်ရပါမယ်။

ဒီလိုအကြောင်းတွေကြောင့် ဒေါသ အာဃာတတွေ ဖြစ်တတ် တယ်လို့ ဘုရားရှင်က ဟောတော်မူပါတယ်။

အဲဒီအာဃာတဝတ္ထုကို ပယ်နိုင်တာကတော့ မေတ္တာပါပဲ၊ မေတ္တာဟာ သည်းခံခွင့်လွှတ်ခြင်းလက္ခဏာရှိသလို အသင့်အတင့် နှလုံးသွင်းခြင်း၊ (သို့မဟုတ်) ဒေါသမဖြစ်အောင် ဆင်ခြင်နှလုံး သွင်းခြင်းဆိုတဲ့ "ယောနိသော မနသိကာရ"အကြောင်းခံလည်း ရှိပါတယ်။

"သဗ္ဗေ သတ္တာ ကမ္မဿကာ = ပုဂ္ဂိုလ်သတ္တဝါမှန်သမျှ ကိုယ်ပြုခဲ့တဲ့ ကံအတိုင်း ကောင်းကျိုးဆိုးပြစ်တွေ ခံစားနေကြရတာ"။

"ငါက သူ့ကို ဆင်းရဲအောင် လုပ်ခဲ့လို့ ငါလည်း ဒီကံရဲ့ တုန့်ပြန်မှုကြောင့် ဆင်းရဲရတာ၊ ဒီလို ဆင်းရဲရတာ, အရှက်ကွဲ ရတာ, ဒုက္ခရောက်ရတာဟာ သူ့ကြောင့် မဟုတ်ဘူး၊ ငါပြုခဲ့တဲ့ အကုသိုလ်ကံကြောင့် ဖြစ်ရတာ"လို့ သူတစ်ပါးကို အပြစ်မရှာဘဲ ကိုယ့်ကံကိုပဲ အပြစ်တင်ပါတယ်။ ဒါ "ငါ့အပြစ်"လို့ နှလုံးသွင်း ပါတယ်။ ဒီလို နှလုံးသွင်းဆင်ခြင်တာကို "ယောနိသော မနသိ ကာရ"လို့ ခေါ်ပါတယ်၊ ဒီလို နှလုံးသွင်းလိုက်ရင် ရန်ငြိုးဒေါသ အာဃာတတွေဟာ ပျောက်သွားမှာ သေချာပါတယ်။

ဒါကြောင့်မို့ အမုန်းတရားတွေ ကင်းပျောက်ပြီး စိတ်ချမ်းသာ ချင်ရင် "ငါပြုခဲ့တဲ့ ကံအတိုင်းဖြစ်နေတာ"လို့ မိမိကံကို နှလုံးသွင်း ဆင်ခြင်ရပါမယ်။

## ကိုယ့်အပြစ်ကို မြင်အောင် ရှု

ဘုန်းကြီးတို့တတွေ "ပုထုဇ္ဇနော ဥမ္မတ္တကော = ပုထုဇဉ် တွေဟာ အရူးနဲ့ တူတယ်"လို့ ဆိုတဲ့ စကားကို ကြားဖူးကြပါလိမ့်

မယ်။ မှန်ပါတယ်၊ ပုထုဇဉ်တွေဆိုတာ ကောင်းတဲ့စိတ်နဲ့ မကောင်းတဲ့ စိတ် နှစ်မျိုးမှာ မကောင်းတဲ့စိတ်က အဖြစ်များပါတယ်။ အသိ အလိမ္မာဉာဏ်ပညာနည်းနဲ့ ပုဂ္ဂိုလ်ရဲ့ စိတ်ဟာ မကောင်းတဲ့အာရုံ ထဲမှာပဲ ပျော်နေတတ်ပါတယ်၊ ကောင်းတာလုပ်ဖို့ ပျင်းနေ, ဝန်လေး နေတတ်ပါတယ်။

ကောင်းတာတွေကို ကြံစည်၊ လုပ်ကိုင်၊ ပြောဆိုမိသလို မကောင်းတာတွေကိုလည်း ကြံစည်၊ လုပ်ကိုင်၊ ပြောဆိုမိကြပါတယ်။ မကောင်းမှန်းသိလျက်တဲ့ မကောင်းတာတွေကို မရှောင်ကြဉ်ဘဲ မကောင်းတာတွေကို လုပ်မိသလို ကောင်းမှန်းသိပါလျက်နဲ့ ကောင်း တာတွေကို လုပ်ရမှာ ပျင်းနေတတ်ကြပါတယ်။

ယနေ့ မေတ္တာတွေ ပို့၊ ဂုဏ်တော်တွေ ပွားဖြစ်ပေမယ့် နက် ဖန်ကျ မေတ္တာပို့ရမှာ ဂုဏ်တော်ပွားရမှာ ပျင်းချင် ပျင်းသွားတတ် ပါတယ်။

ကနေ့ ဘုရားဝတ်ပြုရမှာ ဘုရားရှင်အား ရေတော်၊ ပန်း တော်၊ ဆွမ်းတော်ကပ်ရမှာ ပျင်းနေပေမယ့် နက်ဖန်ကျ ဒီကုသိုလ် တွေ လုပ်ချင်တဲ့စိတ်က ဖြစ်ချင်ဖြစ်လာတတ်ပါတယ်။

ကနေ့ လင်နဲ့မယား အဆင်ပြေနေပေမယ်လို့ နက်ဖန်ကျ တော့ ရန်ဖြစ်ချင် ဖြစ်နေတတ်ပါတယ်။

ကနေ့ ကျောင်းစာတွေ ကျက်ရတာ ပျော်နေပေမယ့် နက် ဖန်ကျတော့ ပျင်းချင် ပျင်းသွားတတ်ပြန်ပါတယ်။

ကနေ့ မိဘက ပြောတဲ့စကားတွေကို ရိုရိုသေသေ နားထောင် နေပေမယ့် နောက်နေ့ကျတော့ အမေအဖေ ပြောတာကို နားမထောင်

ချင် ဖြစ်နေတတ်ပါတယ်။ အမေကို မျက်စောင်းထိုးတယ်၊ ဆောင့်ကြီး အောင့်ကြီး လုပ်တယ်၊ ကလန်ကဆန် ပြန်ပြောချင် ပြောတတ်ပါတယ်။

အရူးများဟာ မကောင်းတာကို မကောင်းမှန်း မသိသလို ကောင်းတာကိုလည်း ကောင်းမှန်း မသိကြပါဘူး၊ မကောင်းကို အကောင်းထင်၊ အကောင်းကို မကောင်းထင်ပြီး ဖောက်လွဲဖောက်ပြန် နေထိုင်ကျင့်သုံးတတ်သလို ပုထုဇဉ်များဟာလည်း စိတ်ဆိုးတာ, ရန်ငြိုးဖွဲ့တာ, သူတစ်ပါးရဲ့အပြစ်ကို ပုံကြီးချဲ့တာ မကောင်းမှန်း မသိကြပါဘူး။ တချို့လည်း သိပါလျက်နဲ့ ဒေါသ, မာနရဲ့ သွေးထိုးလှုံ့ဆော်မှုကြောင့် ဒီမကောင်းတဲ့ အပြုအမူ အပြောအဆို အကြံအစည်တွေကို ပြုလုပ်ပြောဆို ကြံစည်နေမိကြတာ ဖြစ်ပါတယ်။

မေတ္တာတရားဟာ ကိုယ့်အတွက်ရော, သူတစ်ပါးအတွက်ရော, အများအတွက်ရော အလွန့်အလွန်ကောင်းတယ်လို့ ကောင်းမှန်း မသိသူတွေ ရှိကြသလို သိပါလျက်နဲ့ မကျင့်သုံးကြဘဲ အမုန်းတရား မာနတရား လက်ကိုင်ထားနေကြသူတွေလည်း ရှိကြပါတယ်။

## အတ္တမာနကို ဖယ်ရှား

လူတိုင်းလူတိုင်းမှာ အကောင်းတွေ ရှိသလို အဆိုးတွေလည်း ရှိပါတယ်။ သူတစ်ပါးမှာ ကိုယ်မကြိုက် ကိုယ်မနှစ်သက်တဲ့ အပြစ်တွေ ဆိုးကွက်တွေ ရှိသလို ကိုယ့်မှာလည်း သူတစ်ပါးမကြိုက်, သူတစ်ပါးမနှစ်သက်တဲ့ အမူအရာတွေ အပြောအဆိုတွေ ဆိုးကွက်တွေ ရှိပါကလားလို့ အမှန်အတိုင်း မသိမြင်ကြဘဲ “ငါသာ မှန်တယ်၊ ငါသာ တတ်တယ်၊ ငါသာ သိတယ်၊ ငါသာ စွမ်းနိုင်တယ်”ဆိုတဲ့

အတ္တမာနကြီးနဲ့ ဒေါသကို သိမ်းပိုက်ထားတတ်ကြပါတယ်။ ငါသာ တတ်တယ်၊ ငါသာ သိတယ်၊ ငါလုပ်မှသာ ဖြစ်မယ်၊ တစ်ပါးသူတွေ ငါလိုစွမ်းဆောင်နိုင်မှာ မဟုတ်ဘူးလို့ ကိုယ့်ကိုယ်ကို အထင်ကြီးနေသူတွေ, ဘဝင်မြင့်နေသူတွေ၊ အတ္တမာနအားကြီးသူတွေဟာ မေတ္တာအားနည်းနေတဲ့ပုဂ္ဂိုလ်တွေ ဖြစ်ပါတယ်။

## မေတ္တာရှင်တို့၏သဘော

မေတ္တာတရား လက်ကိုင်ထားတဲ့ ပုဂ္ဂိုလ်တွေကျတော့ သူတစ်ပါးရဲ့အပြစ်တွေ ဆိုးကွက်တွေ မရှုပါဘူး၊ မကြည့်ပါဘူး၊ သူတစ်ပါးရဲ့ ကောင်းကွက်တွေ, ဂုဏ်တွေကိုသာ ရှုတတ် မြင်တတ်၊ နှလုံးသွင်းတတ်ပြီး သူတစ်ပါးအပေါ်မှာ ဘယ်တော့မှ ရန်လိုတဲ့စိတ်မရှိကြပါဘူး၊ မေတ္တာတရား လက်ကိုင်ထားပြီး အေးချမ်းစွာ နေတတ်ကြပါတယ်၊ မေတ္တာတရားနဲ့ သူတစ်ပါးအကျိုး, အများအကျိုးကို ဆောင်ရွက်ကြပါတယ်။

## ငါးကြော်စားသူလိုကျင့်သုံး

ထင်ရှားတဲ့ ဥပမာတစ်ခုကို ပြောပြချင်ပါသေးတယ်။ ဘုန်းကြီးတို့တတွေ ငါးဟင်းကို စားချင်တဲ့အခါပဲဖြစ်ဖြစ်၊ ငါးကြော်ကို စားလိုတဲ့အခါပဲဖြစ်ဖြစ် အရိုးတွေကို ဖယ်ပြီး စားကြရပါတယ်။ ငါးအကောင်ကြီးလေ အရိုးပေါလေ၊ အရိုးမာလေပါပဲ။ ငါးဟင်းစားလိုတဲ့ပုဂ္ဂိုလ်ဟာ ငါးထဲမှာ အရိုးတွေ ပါရကောင်းလားဆိုပြီး အပြစ်တင်နေရင် သဘာဝမကျပါဘူး၊ ချက်တဲ့အခါ အရိုးကြီးတွေကို ဖယ်ပြီး ချက်ရသလို စားတဲ့အခါမှာလည်း အရိုးကို ဖယ်ပြီး စားရပါတယ်၊ အရိုးမဖယ်ဘဲနဲ့ စားရင် ငါးရိုးစူး ငါးရိုးမျက်မှာ သေချာပါတယ်။

ငါးတစ်ကောင်လုံးမှာ အရိုးပါသလို အသားတွေလည်း ပါတဲ့အတွက် ငါးဟင်းစားစား၊ ငါးကြော်စားစား အရိုးကို ဖယ်ပြီး အသားကိုသာ ရွေးစားမယ်ဆိုရင် စားချင်တဲ့ အာသာဆန္ဒလည်း ပြည့်၊ အာဟာရဓာတ်ပြည့်ဝတဲ့ အသားကို စားရတဲ့အတွက် ခန္ဓာကိုယ်ရဲ့ အင်အားဓာတ်လည်း ပြည့်လာမှာ ဖြစ်ပါတယ်။

လောကကြီးဟာ အကောင်းအဆိုးတွေ ရောနှောနေသလို လောကသားဖြစ်တဲ့ လူတွေမှာလည်း အကောင်းနဲ့အဆိုးဆိုတာတွေ ရှိနေကြပါတယ်။ ဒါ့ကြောင့်မို့ လောကကြီးထဲမှာ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ နေလိုသူတွေ၊ ငြိမ်းချမ်းရေးကို လိုလားတောင့်တသူတွေဟာ အဆိုးနည်းနိုင်သမျှနည်းအောင် နေထိုင်ကြဖို့၊ တစ်စုံတစ်ယောက်မှာ ဆိုးတာတွေ တွေ့လာရင်လည်း ထိုအဆိုးတရားတွေကို အဆိုးမြင်တဲ့အမြင်နဲ့ မကြည့်ဘဲ အကောင်းဘက် ပြောင်းနိုင်အောင် ကျင့်သုံးနေထိုင်ကြရမှာ ဖြစ်ပါတယ်။ တစ်ယောက်နဲ့တစ်ယောက် အပြစ်တွေကို ရှာနေကြမယ်၊ အပြစ်ကိုပဲ မြင်နေမယ်ဆိုရင် ငြိမ်းချမ်းမှု၊ သာယာအေးချမ်းမှုတွေ ဝေးသည်ထက် ဝေးနေကြမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့်မို့ အဆိုးတရားတွေ ကျော်လွှားပြီး အကောင်းတရားတွေ သိမ်းပိုက်နိုင်အောင် မေတ္တာတရား များများထားကြရမှာဖြစ်ပါတယ်။

## မေတ္တာသုံးမျိုး

မေတ္တာဟာ ကာယကံမေတ္တာ၊ ဝစီကံမေတ္တာ၊ မနောကံမေတ္တာလို့ သုံးမျိုးရှိပါတယ်။ အဲဒီလိုသုံးမျိုးထဲမှာ မနောကံမေတ္တာဟာ အရေးကြီးဆုံး ဖြစ်ပါတယ်။ သူတစ်ပါးကို ကြီးပွားစေလို၊

ချမ်းသာစေလို၊ အောင်မြင်ကျော်ကြားစေလိုတဲ့စိတ်နဲ့ ယှဉ်နေတဲ့ မေတ္တာကို "မနောကံမေတ္တာ"လို့ ခေါ်ပါတယ်။

မိမိရဲ့စိတ်ဓာတ်မှာ မေတ္တာဓာတ်ကိန်းဝပ်နေပြီဆိုရင် ကိုယ်အမူအရာတွေလည်း ယဉ်ကျေးလာပါတယ်။ နှုတ်အမူအရာတွေလည်း ချိုသာလာပါတယ်။

တစ်စုံတစ်ယောက်ကိုဖြစ်စေ၊ အများကိုဖြစ်စေ မေတ္တာစိတ်ထားပြီး အဲဒီပုဂ္ဂိုလ်တွေရဲ့ကိစ္စတွေကို ဝမ်းသာအားရ ကူညီဆောင်ရွက်ပေးရင် ဒါကို "ကာယကံမေတ္တာ"လို့ ခေါ်ပါတယ်။

အမေ ကျန်းမာပါစေ၊ ချမ်းသာပါစေ။ အဖေ ကျန်းမာပါစေ၊ ချမ်းသာပါစေ။ ညီ အစ်ကို မောင်နှမ ဆွေမျိုးသားချင်းတွေ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ။ သူငယ်ချင်း မိတ်ဆွေအပေါင်း ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ။

ငါနေထိုင်တဲ့ ရပ်ကွက်၊ မြို့၊ ရွာအတွင်းမှာ ရှိနေကြတဲ့ မြင်အပ်, မမြင်အပ် ပုဂ္ဂိုလ်သတ္တဝါအားလုံး ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ကင်းကြပါစေ၊ ချမ်းသာအေးမြကြပါစေ။

ငါတို့မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြတဲ့ မြင်အပ်, မမြင်အပ် ပုဂ္ဂိုလ်သတ္တဝါတွေ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်း ချမ်းမြေ့ကြပါစေ၊ တစ်ဦးနှင့်တစ်ဦး မေတ္တာကူး၍ တစ်ဦးအကျိုးကို တစ်ဦးက ဆောင်ရွက်နိုင်ကြပါစေ၊ မေတ္တာတရား ရှေ့ထားပြီး တိုင်းပြည်ကြီး သာယာဝပြောအောင်၊ ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး စည်ပင်ပြန့်ပွားအောင် ဆောင်ရွက်နိုင်ကြပါစေ စသည်ဖြင့်

နှုတ်က ရွတ်ဆိုပြီး ပွားများနေတာ, မေတ္တာပို့နေတာကို "ဝစီကံ မေတ္တာ"လို့ ခေါ်ပါတယ်။

နောက်ပြီးတော့ တစ်ဦးနှင့်တစ်ဦး ချစ်ခင်ဖွယ်ရာ ချိုသာယဉ်ကျေးစွာ ပြောဆိုခြင်း၊ တစ်ဦးနှင့်တစ်ဦး အထင်မှား အမြင်မှား စေတတ်တဲ့ စကားတွေကို မပြောဘဲ တစ်ဦးနဲ့တစ်ဦး ချစ်ခင်လာအောင်၊ အဆင်ပြေလာအောင်၊ အထင်မှား အမြင်မှားတွေ ပျောက်သွားအောင်၊ ညီညွတ်စည်းလုံးလာအောင် ပြောဆိုပေးခြင်း၊ သူတစ်ပါးရဲ့ အတင်းအဖျင်းတွေကို မပြောဆိုဘဲ သူတစ်ပါးရဲ့ ကောင်းတဲ့ ဂုဏ်, ကောင်းတဲ့အလုပ်တွေကိုသာ ချီးမွမ်းပြောဆိုခြင်းတို့ကိုလည်း "ဝစီကံမေတ္တာ"လို့ ခေါ်ပါတယ်။

ဒီဝစီကံမေတ္တာဟာလည်း အရေးကြီးပါတယ်၊ အပြောအဆိုတွေ ကြမ်းလို့၊ သွေးခွဲတဲ့ စကားတွေကို ပြောလို့၊ သွေးခွဲတဲ့ သူတစ်ပါးရဲ့ ပြောစကားတွေ ကြားရလို့ အချင်းချင်း စိတ်ဝမ်းကွဲကြရတာတွေ, အထင်မှား အမြင်မှားဖြစ်ပြီး တစ်ဦးနှင့်တစ်ဦး မခေါ်နိုင် မပြောနိုင် မကြည့်နိုင် မမြင်နိုင်တာတွေ ဖြစ်တတ်ပါတယ်။ ညီညွတ်စည်းလုံးမှုတွေ ပျက်သွားတတ်ပါတယ်။

## အလွယ်နဲ့အခက်

တစ်ယောက်နဲ့တစ်ယောက် မေတ္တာသက်ဝင် ချစ်ခင်လာအောင် ပြောဖို့ ခက်သလောက် တစ်ယောက်နဲ့တစ်ယောက် မုန်းသွားအောင် ပြောဖို့ကတော့ သိပ်လွယ်ပါတယ်။ ဒါကြောင့်မို့ ရွှေကျင်သာသနာပိုင် ဒီပဲယင်းဆရာတော်ဘုရားကြီးက ...

* "ဆန့်ကျင့်မဖွယ်၊ မခက်လွယ်၊ သူငယ်သော်မှ တတ်နိုင်သည်။

မဆန့်ကျင့်ဖွယ်၊ ခက်မလွယ်၊ ပညာကြွယ်မှ တတ်နိုင်သည်"

လို့ ဆုံးမခဲ့ပါတယ်။

တစ်ယောက်နဲ့တစ်ယောက် အပြစ်ပြောတာ, ဆန့်ကျင်ဘက်ပြောတာကို ကလေးသူငယ်လေးများတောင်မှ လုပ်နိုင်တယ်၊ ဘာမှ မခက်ဘူး၊ တစ်ယောက်နဲ့တစ်ယောက် ချစ်ခင်လေးစားလာအောင်၊ ညီညွတ်စည်းလုံးလာအောင် ကောင်းတဲ့စကားတွေ ပြောဖို့ကတော့ အလွန်ခက်တယ်၊ အသိအလိမ္မာ ဉာဏ်ပညာကြွယ်မှ တတ်နိုင်တယ်လို့ ဆိုလိုပါတယ်။

ဒါ့ကြောင့်မို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားအားလုံးဟာ တစ်မြေတည်းနေ တစ်ရေတည်းသောက်နေကြရတဲ့ သွေးချင်းသားချင်းတွေမို့ အချင်းချင်း မေတ္တာတရား လက်ကိုင်ထားပြီး ရိုင်းပင်းကူညီကြပါ။ အချင်းချင်း သွေးကွဲမယ့် စကားတွေ, ညီညွတ်ရေး ပျက်မယ့်အလုပ်တွေ ရှောင်ကြဉ်ကြပြီး မေတ္တာစာတ်အား ကောင်းကောင်းနဲ့ ကြီးတဲ့အပြစ်တွေကို သေးငယ်သွားအောင်၊ သေးငယ်တဲ့အပြစ်တွေ ပပျောက်သွားအောင် နေထိုင်ကျင့်သုံးကြပါလို့ မေတ္တာစကား ပြောကြားအပ်ပါတယ်။

တစ်ဦးနှင့်တစ်ဦး၊ လူမျိုးတစ်မျိုးနှင့်တစ်မျိုး အကျိုးစီးပွားကို လိုလားတောင့်တပြီး ကိုယ်ထိလက်ရောက် လက်တွဲကူညီ ဆောင်ရွက်နိုင်ကြပါစေ၊ "ရေကို သားလို့ ကြားမထင်" ဆိုသကဲ့သို့

တိုင်းသူပြည်သားအားလုံး ညီညွတ်စည်းလုံးပြီး ငြိမ်းချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ တိုင်းပြည်ကြီးဖြစ်လာအောင် ဒေါသ မာန်မာန အာဃာတတွေ ဖယ်ရှားပြီး မေတ္တာတရား များများကြီး ထားနိုင်ကြပါစေလို့ မေတ္တာအခါတော်နေ့မှ မေတ္တာဓမ္မလက်ဆောင် ကို ပေးအပ်ပါတယ်။

ဒါ့အပြင် ကျေးဖူးတော်ရှင် ပထမရွှေကျင်ဆရာတော်ဘုရား ကြီးရဲ့ ....

* "ရန်မလိုမှ ရန်ပြိုသည်၊ ရန်လို ရန်ပိုတတ်လှသည်"
"ရန်မထောင်မှ ရန်အောင်သည်၊ ရန်ထောင် ရန်လှောင် မိတတ်သည်"

ဆိုတဲ့ ဆုံးမဩဝါဒနဲ့ နဝမရွှေကျင်သာသနာပိုင် သက်တော်ရာကျော် ရှည်တော်မူတဲ့ အဘိဓဇမဟာရဋ္ဌဂုရု ကျေးဇူးရှင် စံကင်းဆရာတော် ဘုရားကြီးရဲ့ ...

* "အေးစေ မြစေ၊ မေတ္တာရေ၊ သောက်လေ မြို့ရွာလုံး"
"နှစ်ရှုတစ်ရှာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး"
"မေတ္တာစိတ်ဓာတ်၊ လွှန်မြင့်မြတ်၊ လူနတ်အချစ်ဆုံး"
"မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတိုင်းရှုံး"

ဆိုတဲ့ ဆုံးမဩဝါဒတွေကိုလည်း ဓမ္မလက်ဆောင်အဖြစ် ပေးအပ် ပါတယ်။

ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့မှာ မေတ္တာသုတ္တန်လာ မေတ္တာဘာဝနာဖြင့် အားလုံး နှလုံးသွင်း မေတ္တာပွားကြရအောင် ..

သုခိနော ဝါ ခေမိနော ဟောန္တု၊
သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

သဗ္ဗသတ္တာ–ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် ကချင် ကယား ကရင် ချင်း ဗမာ မွန် ရခိုင် ရှမ်း တိုင်းရင်းသား အားလုံးတို့သည်။ သုခိနော–ဒေါသအာဃာတ၊ မထားကြဘဲ၊ အေးမြကြည်လင်၊ မေတ္တာတည်းဟူသော ရေစင်ကို၊ ပျော်ရွှင်အားရ၊ သောက်သုံးကြလျက်၊ ကာယစိတ္တ၊ နှစ်ဝနှစ်ဖြာ၊ ချမ်းသာခြင်းရှိကြကုန်သည်၊ သုခိနော–မေတ္တာလက်တွဲ၊ သွေးမကွဲဘဲ၊ အမြဲရွှင်ပြုံး၊ နှလုံးချမ်းမြ၊ ညီညွတ်ကြလျက်၊ ဖေးမကူညီ၊ ယုံကြည်ချစ်ခင်၊ မေတ္တာဝင်၍၊ အစဉ်ထာဝရ၊ ချမ်းသာအေးမြခြင်းရှိကြကုန်သည်၊ ဟောန္တု–ဖြစ်ကြပါစေကုန်သတည်း။

သဗ္ဗသတ္တာ–ပြည်ထောင်စုမြန်မာနိုင်ငံနှင့်တကွ နိုင်ငံအသီးသီးဘုံအသီးသီးတို့၌ ခိုမှီးနေကြား ပုဂ္ဂိုလ်သတ္တဝါအများတို့သည်၊ ခေမိနော–အပြစ်မမြင်၊ မေတ္တာဝင်လျက်၊ ချစ်ခင်စည်းလုံး၊ ရွှင်ပြုံးအေးမြ၊ ငြိမ်းချမ်းခြင်းရှိကြကုန်သည်၊ ဟောန္တု–ဖြစ်ကြပါစေကုန်သတည်း။

သဗ္ဗသတ္တာ–ဝေးဝေးနီးနီး၊ ကြီးကြီးငယ်ငယ်၊ မျိုးနွယ်အဖုံဖုံ၊ ဘုံအတန်တန်၊ နိုင်ငံအသီးသီး၊ ခိုမှီးနေကြ၊ ပုဂ္ဂိုလ်သတ္တဝါ မှန်သမျှတို့သည်၊ သုခိတတ္တာ–အမုန်းတရား၊ ကြည်ရှောင်ရှားလျက်၊ ကြီးမားမေတ္တာ၊ ကရုဏာဖြင့်၊ ကြည်သာရွှင်မြူး၊ တစ်ဦးနှင့်တစ်ဦး၊ မေတ္တာကူးလျက်၊ အထူးဝမ်းသာ၊ ကျန်းမာချမ်းသာခြင်းရှိကြကုန်သည်၊ ဘဝန္တု–မုချမသွေ ဖြစ်ကြပါစေကုန်သတည်း။

ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့မှာ မေတ္တာနဲ့ စပ်လျဉ်းပြီး နှလုံးသွင်း ဆင်ခြင်နိုင်ကြဖို့နဲ့ မေတ္တာတရား လက်ကိုင်ထားပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြဖို့ ဟောကြားအပ်တဲ့ မေတ္တာအခါတော်နေ့ မေတ္တာတရားကို မေတ္တာအာသီသဂါထာနဲ့ မေတ္တာပို့ပြီး အဆုံးသတ်ပါမယ်။

## မေတ္တာအာသီသဂါထာ

သီတလံ ဒေါသနာသေန္တံ၊ အရိယေဟိ နိသေဝိတံ။

မေတ္တောဒကံ ပိဝိတွာန၊ ပီဏေန္တု သုခိတာ ပဇာ။

ပဇာ–သုံးဆယ့်တစ်ဘုံ၊ ဝဋ်ရုံအတွင်း၊ မှိတင်းနေကြား၊ ပုဂ္ဂိုလ်သတ္တဝါအများတို့သည်၊ သီတလံ–ဒေါသဟူသရွေ့၊ အပူငွေ့တို့၊ မတွေ့မသမ်း၊ အလွန်အေးချမ်းလှပေထသော၊ ဒေါသနာသေန္တံ–ခန္တီ၏ရန်၊ ဒေါသမာန်ကို၊ တွန်းလှန်ချေမှုန်း၊အထက်မြက်ဆုံးလည်းဖြစ်ပေထသော၊ အရိယေဟိ–ရုပ်ဓာတ်နာမ်ဓာတ်၊ ပရမတ်ကို၊ ပိုင်းဖြတ်သိမြင်၊ အရိယာသူတော်စင်တို့သည်၊ နိသေဝိတံ–အမြဲမလပ်၊ အာရုံကပ်၍၊ ထပ်ထပ်ပုံသေ၊ မှီဝဲအပ်ပေထသော၊ မေတ္တောဒကံ–အေးစေမြဲစေ၊ ချမ်းသာစေသည့်၊ စိတ်နေရွှင်လန်း၊ မေတ္တာတည်းဟူသော ရေစင်ရေချမ်းကို၊ ပိဝိတွာန–သူသူငါငါ၊ အပူမလာအောင်၊ ယူကာခဏ၊ သောက်သုံးကြကုန်သည်ဖြစ်၍၊ သုခိတာ–တွင်းပနှစ်သွယ်၊ အန္တရာယ်ကင်းပျောက်၊ ကြံတိုင်းပေါက်၍၊ ဝမ်းမြောက်ကျန်းမာချမ်းသာကြကုန်လျက်၊ ပီဏေန္တု–မေတ္တာဓာတ်ငွေ့၊ မပြတ်တွေ့၍၊ ချမ်းမြေ့ရွှင်ပြုံး ပီတိဖုံးကာ၊ နှလုံးဝမ်းသာ ချမ်းသာကြပါစေကုန်သတည်း။

* * * *

# မေတ္တသုတ္တန်လာ
## မေတ္တာပွားများနည်းများ

* * * *

မေတ္တာသုတ္တန်ကို ဘုရားရှင် ဟောတော်မူရာ၌ မေတ္တာဘာဝနာ မပွားမီ (မေတ္တာမပို့မီ) ရှေးဦးစွာ ပြည့်စုံရမည့်တရား (အခြေခံတရား) (၁၅)ပါးကို ညွှန်ပြတော်မူသည်။ မေတ္တာဘာဝနာ (မေတ္တာကမ္မဋ္ဌာန်း) ပွားများရာ၌သာမက အခြားသော သမထဘာဝနာ (သမထကမ္မဋ္ဌာန်း) ဝိပဿနာဘာဝနာ (ဝိပဿနာကမ္မဋ္ဌာန်း) ကို ပွားများအားထုတ်လိုသော ပုဂ္ဂိုလ်တို့သည်လည်း ယခုဖော်ပြမည့် အခြေခံတရား (ပုဗ္ဗဘာဂပဋိပဒါ)တို့ ရှိရမည်သာ ဖြစ်သည်။

ဤအခြေခံတရား (၁၅)ပါးကို ပြည့်စုံစေပြီးမှ မေတ္တာဘာဝနာ ပွားလျှင် (မေတ္တာပို့လျှင်) ပိုမိုထူးခြားသော အကျိုးတရားတို့ကို ရမည်ဖြစ်ပေသည်။

### အခြေခံတရား (၁၅)ပါး

၁။ သက္ကော = မေတ္တာဘာဝနာကို နိဗ္ဗာန်ရည်မှန်း၍ စီးဖြန်း ပွားများနိုင်သော စွမ်းရည်ရှိခြင်း။

၂။ ဥဇု = ကိုယ်နှုတ်နှစ်ပါး ရိုးသားဖြောင့်မြတ်ရခြင်း။ (လိမ်ညာမှု, ကောက်ကျစ်စဉ်းလဲမှု မရှိရခြင်း)

၃။ သုဟုဇု = စိတ်လည်း ဖြောင့်မတ်ရခြင်း။ (ကိုယ်နှုတ်ဖြောင့်မတ် ရိုးသားဟန်ပြပြီး စိတ်ထဲက မရိုးမသား လိမ်ညာကောက်ကျစ်တတ်သောပုဂ္ဂိုလ်မျိုး မဖြစ်ရခြင်း)

၄။ သုဝစော = အကျိုးလိုလားသော သူတော်ကောင်း ပညာရှိတို့၏ သွန်သင်ပြသမှု, လမ်းညွှန်မှုတို့ကို ရိုသေစွာ နာခံလိုက်နာတတ်ခြင်း။

၅။ မုဒု = ကိုယ် နှုတ် စိတ် သုံးပါးလုံး နူးညံ့သိမ်မွေ့ရခြင်း။

၆။ အနတိမာနီ = မာန်မာန မကြီးရခြင်း။ (ငါသာတတ်၊ ငါသာသိ၊ ငါလုပ်မှသာ အောင်မြင်မည် ဟူသော အတ္တမာန မရှိရခြင်း)

၇။ သန္တုဿကော = တင်းတိမ်ရောင့်ရဲတတ်ရခြင်း၊ လောဘရမ္မက် မကြီးရခြင်း။

၈။ သုဘရော = မိမိကိုယ်ကို မွေးမြူလွယ်သူဖြစ်ရခြင်း။ (ဟိုလာလိုချင်, ဒီဟာ လိုချင်နှင့် တစ်ခုပြီးတစ်ခု လိုချင်နေခြင်း၊ သူတစ်ပါးတို့နှင့် သင့်တင့်အောင် မနေတတ်ခြင်း၊ သူတစ်ပါး လုပ်တာမှန်သမျှ အကောင်းမမြင်ဘဲ အဆိုးမြင်နေခြင်း ဖြစ်နေလျှင် မိမိကိုယ်ကို မွေးမြူရခက်သူဟု ဆိုရသည်။)

၉။ အပ္ပကိစ္စော = မိမိပွားများ အားထုတ်မည့် ကမ္မဋ္ဌာန်းတရားကို အနှောင့်အယှက်ဖြစ်စေမည့် အလုပ်ကိစ္စများ နည်းပါးရခြင်း။

၁၀။ သလ္လဟုကဝုတ္တိ = ပေါ့ပါးသော အသက်မွေးမှုရှိခြင်း။ (ငှက်တို့သည် မိမိအတောင်သာလျှင် ဝန်ထုပ်ဝန်ပိုးရှိသည်ဖြစ်၍ တစ်နေရာမှ တစ်နေရာသို့ ပေါ့ပေါ့ပါးပါး ပျံသွားနိုင်သကဲ့သို့ ပစ္စည်းလေးပါး အစုအဆောင်းများခြင်း၊ ထိုပစ္စည်းလေးပါးကို မရရအောင် ရှာဖွေနေခြင်းမျိုးသည် ခက်ခဲသော လေးလံ

သော အသက်မွေးခြင်းဖြစ်သည်၊ ထိုသို့သောအဖြစ်မျိုး မရှိစေရ။)

၁၁။ သန္တုဋ္ဌိယော = ငြိမ်သက်သော ကာယကံရှိခြင်း။ (မသွားသင့် မသွားထိုက်သော နေရာတို့သို့ သွားခြင်း၊ ဆော့ကစားခြင်း၊ ရုပ်ရှင်ဂီတစသည် ကြည့်ခြင်း၊ ကြမ်းတမ်းသော စကားကို ပြောခြင်း၊ တိုးတိုးသက်သာ မပြောဘဲ ကျယ်လောင်စွာ ပြောခြင်း၊ အကျိုးမရှိသော စကားတို့ကို ပြောခြင်းစသော ကိုယ်ကာယကံ နှုတ်ကာယကံပျက်မည့် အလုပ်တို့ကို ရှောင်ကြဉ်၍ ငြိမ်သက်အေးချမ်းစွာ နေခြင်း။)

၁၂။ နိပကော = ရင့်ကျက်သော ပညာရှိခြင်း။ (မိမိအားထုတ်မည့် တရားတော်နှင့် စပ်လျဉ်း၍ သိရှိနားလည်အောင် ကြိုတင်လေ့လာခြင်း၊ မိမိအားထုတ်မည့် တရားတော်ကို သိမြင်နိုင်လောက်သည့် ဉာဏ်အခြေခံရှိခြင်း)

၁၃။ အပ္ပဂဗ္ဘော = ကိုယ် နှုတ် စိတ် မကြမ်းတမ်းရခြင်း။

၁၄။ ကုလေသွနနုဂိဒ္ဓေါ = (ကုလေသု+အနနုဂိဒ္ဓေါ) = သံဃာတော်များအဖို့ ဒါယကာ, ဒါယိကာမတို့အပေါ်၌ ကြီးမားသော သံယောဇဉ် မထားရခြင်း၊ ဒကာ, ဒကာမများအဖို့ မိမိ၏ မိဘ, သားသမီး, ဇနီး ခင်ပွန်း စသော ပုဂ္ဂိုလ်တို့အပေါ်၌ တွယ်တာသော သံယောဇဉ်ကို တရားအားမထုတ်မီ ပယ်ရှားဖြတ်တောက်ထားရခြင်း။

၁၅။ န စ ခုဒ္ဒမာစရေ ကိဉ္စိ = ပညာရှိတို့ ကဲ့ရဲ့မည့် အပြစ်မကင်းသော အကုသိုလ်အလုပ်တို့ကို အနည်းငယ်မျှပင် မပြုလုပ်ရခြင်း။

ဤ (၁၅)ပါးသော အခြေခံတရားတို့ကို ပြည့်စုံအောင် ပြုပြီး မေတ္တာပွားလျှင် (တရားအားထုတ်လျှင်) မိမိစိတ် ဝီရိယအလျောက် ပေါက်မြောက်မှု စွမ်းအင်ကို ရရှိနိုင်ပေသည်။

ထို့ကြောင့် မေတ္တာဘာဝနာကို ပေါက်ပေါက်မြောက်မြောက် ဖြစ်အောင် (ဈာန်ရအောင်) အားထုတ်လိုသောပုဂ္ဂိုလ်သည် ဤတရား (၁၅)ပါးကို ပြည့်စုံအောင် ကြိုးစားသင့်ပေသည်။

## မေတ္တာပို့ပုံ

ဤမေတ္တာသုတ္တန်၌ (၃၁)ဘုံရှိ ပုဂ္ဂိုလ်သတ္တဝါအားလုံးတို့အား

(က) နှစ်အုပ်စုခွဲ၍ မေတ္တာပို့ခြင်း။ (ဒုကနည်း)

(ခ) သုံးအုပ်စုခွဲ၍ မေတ္တာပို့ခြင်း။ (တိကနည်း)

(ဂ) အဆိုးတရားတို့ ကင်းဝေးစေလိုသောစိတ်ဖြင့် မေတ္တာပို့ခြင်း။ (အနတ္တာပဂမနနည်း) ဟု သုံးမျိုးပြသည်။

ထိုတွင် (က)နှင့် (ခ)မှာ အကျိုးစီးပွားရစေလိုသောစိတ်ဖြင့် ပွားပုံဖြစ်၍ (ဂ) မှာ အဆိုးတရားတို့ ကင်းဝေးစေလိုသောစိတ်ဖြင့် ပွားများပုံဖြစ်သည်။

### (က) နှစ်အုပ်စုခွဲ၍ မေတ္တာပို့ပုံ (ဒုကနည်း)

(၃၁) ဘုံ၌ရှိကြသော ပုဂ္ဂိုလ်သတ္တဝါတို့ကို မေတ္တာပို့ရာ၌

(၁) တသထာဝရဒုက် (တသ+ထာဝရ နှစ်ခုတွဲ)

(၂) ဒိဋ္ဌာဒိဋ္ဌဒုက် (ဒိဋ္ဌ+အဒိဋ္ဌ နှစ်ခုတွဲ)

(၃) ဒူရအဝိဒူရဒုက် ( ဒူရ+အဝိဒူရ နှစ်ခုတွဲ)

(၄) ဘူတသမ္ဘဝေသီဒုက် (ဘူတ+သမ္ဘဝေသီ နှစ်ခုတွဲ) ဟူ၍ နှစ်အုပ်စုခွဲပြီး မေတ္တာပို့ရမည်။

## တသပုဂ္ဂိုလ်, ထာဝရပုဂ္ဂိုလ်စသည်တို့၏အဓိပ္ပာယ်

(၁) တသ ထာဝရဒုက်

၁။ တသပုဂ္ဂိုလ် = ရဟန္တာမှတစ်ပါး တုန်လှုပ်တတ်သော ပုထုဇဉ်နှင့်သေက္ခပုဂ္ဂိုလ်များ။

၂။ ထာဝရ = မတုန်လှုပ်တတ်သော ရဟန္တာပုဂ္ဂိုလ်။

(၂) ဒိဋ္ဌာဒိဋ္ဌဒုက်

၁။ ဒိဋ္ဌပုဂ္ဂိုလ် = မြင်ဖူး တွေ့ဖူးသော ပုဂ္ဂိုလ်သတ္တဝါ။ (တစ်နည်း) မျက်စိဖြင့် မြင်ကောင်းသော ပုဂ္ဂိုလ်သတ္တဝါ။

၂။ အဒိဋ္ဌပုဂ္ဂိုလ် = မမြင်ဖူး မတွေ့ဖူးသော ပုဂ္ဂိုလ် သတ္တဝါ။ (တစ်နည်း) မျက်စိဖြင့် မမြင်နိုင်သော ပုဂ္ဂိုလ် သတ္တဝါ။

(၃) ဒူရ အဝိဒူရဒုက်

၁။ ဒူရပုဂ္ဂိုလ် = အဝေးမှာရှိသော ပုဂ္ဂိုလ် သတ္တဝါ။

၂။ အဝိဒူရပုဂ္ဂိုလ် = အနီးမှာရှိသော ပုဂ္ဂိုလ် သတ္တဝါ။

(၄) ဘူတ သမ္ဘဝေသီဒုက်

၁။ ဘူတပုဂ္ဂိုလ် = ရဟန္တာပုဂ္ဂိုလ်။

၂။ သမ္ဘဝေသီပုဂ္ဂိုလ် = ပုထုဇဉ်နှင့် သေက္ခပုဂ္ဂိုလ်။

## ဒုကနည်းဖြင့် နှစ်အုပ်စုခွဲ၍ မေတ္တာပို့ပုံ

ဒုကနည်းဖြင့် မေတ္တာပွားရာ၌ အထက်က ပြဆိုခဲ့ပြီးသော တသ, ထာဝရ စသော ပုဒ်တို့၏ အရကောက်ကို နှလုံးသွင်းပြီး ဖော်ပြလတ္တံ့ပါအတိုင်း ပါဠိလိုဖြစ်စေ၊ မြန်မာလိုဖြစ်စေ မေတ္တာပို့ရမည်။

ဤမေတ္တာပို့ပုံ၌ အဋ္ဌကထာပြသောနည်းကို ရှေးဦးစွာ ပြပါမည်၊ မိမိပွားသည့်နည်းကို နောက်မှ ပြပါမည်။

### (၁) တသ ထာဝရဒုက်

* တသာ ဝါ ထာဝရာ ဝါ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

(ပုထုဇဉ်, သေက္ခ, ရဟန္တာပုဂ္ဂိုလ်မှန်သမျှတို့သည် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။)

### (၂) ဒိဋ္ဌာဒိဋ္ဌဒုက်

* ဒိဋ္ဌာ ဝါ အဒိဋ္ဌာ ဝါ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

(မြင်ဖူး, မမြင်ဖူးသောပုဂ္ဂိုလ်၊ မျက်စိဖြင့် မြင်အပ်, မမြင်အပ်သော ပုဂ္ဂိုလ်သတ္တဝါ မှန်သမျှတို့သည် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြပါစေ။)

### (၃) ဒူရ အဝိဒူရဒုက်

* ဒူရေ ဝသန္တာ ဝါ အဝိဒူရေ (သန္တိကေ) ဝသန္တာ ဝါ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

(အဝေး+အနီး ရှိ၍နေကြသော ပုဂ္ဂိုလ်သတ္တဝါ မှန်သမျှတို့သည် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။)

(၄) ဘူတသမ္ဘဝေသီဒုက်

*ဘူတာ ဝါ သမ္ဘဝေသီ ဝါ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။
(ရဟန္တာ နှင့် ပုထုဇဉ်, သေက္ခ ပုဂ္ဂိုလ်သတ္တဝါမှန်သမျှတို့
သည် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။)
ဤကား အဋ္ဌကထာလာနည်းတည်း။

* * * *

## (ခ) တိကနည်းဖြင့် သုံးအုပ်စုခွဲ၍ မေတ္တာပို့နည်း

### ပုဂ္ဂိုလ်တို့၏အစိပ္ပာယ်

၁။ ဒီဃတိက်

၁။ ဒီဃပုဂ္ဂိုလ် = ရှည်လျား မြင့်မားသော ခန္ဓာကိုယ်ရှိသော ပုဂ္ဂိုလ် သတ္တဝါ။

၂။ ရဿပုဂ္ဂိုလ် = လုံးဝိုင်း, ပုကွသော ခန္ဓာကိုယ်ရှိသော ပုဂ္ဂိုလ် သတ္တဝါ။

၃။ မဇ္ဈိမ = မတို မရှည် ခန္ဓာကိုယ်ရှိသော ပုဂ္ဂိုလ် သတ္တဝါ။

၂။ မဟန္တတိက်

၁။ မဟန္တ = ခန္ဓာကိုယ်ကြီးမားသော ပုဂ္ဂိုလ် သတ္တဝါ။

၂။ အဏုက = ခန္ဓာကိုယ်သေးငယ်သော ပုဂ္ဂိုလ် သတ္တဝါ။

၃။ မဇ္ဈိမ = မကြီးလွန်း မသေးလွန်းသော ခန္ဓာကိုယ်ရှိသည့် ပုဂ္ဂိုလ် သတ္တဝါ။

၃။ ထူလတိက်

၁။ ထူလ = ပြည့်ဖြိုးဝန်းဝိုင်းသော ခန္ဓာကိုယ်ရှိသော ပုဂ္ဂိုလ်သတ္တဝါ။

၂။ အဏုက = ကြုံလှီသေးငယ်သော ပုဂ္ဂိုလ်သတ္တဝါ။

၃။ မဇ္ဈိမ = မဝလွန်း မပိန်လွန်းသော ခန္ဓာကိုယ်ရှိသော ပုဂ္ဂိုလ်သတ္တဝါ။

ဤအနက်အဓိပ္ပာယ်တို့ကို မှတ်သား၍ တိကနည်းဖြင့် ဖော်ပြလတ္တံ့ပါအတိုင်း မေတ္တာပို့ရမည်။

၁။ ဒီဃတိက်

* ဒီဃာ ဝါ ရဿာ ဝါ မဇ္ဈိမာ ဝါ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

(ရှည်သော ပုဂ္ဂိုလ်သတ္တဝါ၊ ပုတိုသော ပုဂ္ဂိုလ်သတ္တဝါ၊ မရှည့်မတို အလယ်အလတ်ဖြစ်သော ပုဂ္ဂိုလ်သတ္တဝါ မှန်သမျှတို့သည် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။)

၂။ မဟန္တတိက်

* မဟန္တာ ဝါ အဏုကာ ဝါ မဇ္ဈိမာ ဝါ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

(ခန္ဓာကိုယ်ကြီးသော ပုဂ္ဂိုလ်သတ္တဝါ၊ သေးငယ်သော ပုဂ္ဂိုလ်သတ္တဝါ၊ မကြီးမသေး အလယ်အလတ်ဖြစ်သော ပုဂ္ဂိုလ်သတ္တဝါတို့သည် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ)

၃။ ထူလတိက်

* ထူလာ ဝါ အဏုကာ ဝါ မဇ္ဈိမာ ဝါ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

(ဆူဖြိုးသော ပုဂ္ဂိုလ်သတ္တဝါ၊ ကြုံလှီသော ပုဂ္ဂိုလ်သတ္တဝါ၊ မပိန်,မဝ အလယ်အလတ်ဖြစ်သော ပုဂ္ဂိုလ်သတ္တဝါတို့သည် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။)

* * * *

## ဧကက (တစ်ခုစီ) နည်းဖြင့်လည်း ပွားသင့်

ဤသို့ ဒုကနည်း (နှစ်အုပ်စုခွဲ၍ပွားနည်း)၊ တိကနည်း (သုံးအုပ်စုခွဲ၍ပွားနည်း)တို့ကို ပါဠိတော်၌ တိုက်ရိုက်ပြသည်။ ထိုဒုကနည်း တိကနည်းတို့၌ ပြအပ်သော ပုဂ္ဂိုလ်တို့ကို တစ်ခုစီခွဲ၍ ပွားလျှင်လည်း ပွားကောင်းပါသည်၊ ပွားနိုင်ပါသည်။

## တစ်ခုစီခွဲ၍ မေတ္တာပို့ပုံ

၁။ တသာ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။
(ပုထုဇဉ်နှင့်သေက္ခပုဂ္ဂိုလ် အားလုံးတို့သည် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြပါစေ။)

၂။ ထာဝရာ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။
(ရဟန္တာပုဂ္ဂိုလ် အားလုံးတို့သည် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြပါစေ။)

၃။ ဒိဋ္ဌာ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

၄။ အဒိဋ္ဌာ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

၅။ ဒူရေ ဝသန္တာ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

၆။ အဝိဒူရေ ဝသန္တာ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

၇။ ဘူတာ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

၈။ သမ္ဘဝေသိနော သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

၉။ ဒီဃာ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

၁၀။ ရဿာ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

၁၁။ မဇ္ဈိမာ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

၁၂။ မဟန္တာ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

၁၃။ အဏုကာ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

၁၄။ မဇ္ဈိမာ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

၁၅။ ထူလာ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

၁၆။ အဏုကာ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

၁၇။ မဇ္ဈိမာ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

(အနက်အဓိပ္ပာယ်ကို ယခင်အတိုင်း မှတ်ပါ။)

* * * *

## မေတ္တာ (၅၆၁)ပါး ပွားများပုံ

မေတ္တာသုတ္တန်၌ မေတ္တာပွားပုံပါဠိကို –

၁။ သုခိနော ဟောန္တု = ကိုယ်ချမ်းသာကြပါစေ။

၂။ ခေမိနော ဟောန္တု = ငြိမ်းချမ်းသာယာ ရှိကြပါစေ။

၃။ သုခိတတ္တာ ဘဝန္တု = စိတ်ချမ်းသာကြပါစေ–

ဟု သုံးမျိုးပြထားရာ ပုဂ္ဂိုလ်တစ်ယောက် တစ်ယောက်ကို ထိုသုံးမျိုးဖြင့် တွဲ၍လည်း မေတ္တာပို့နိုင်ပါသည်။

### ပို့ပုံ

၁။ တသာ သဗ္ဗသတ္တာ သုခိနော ဟောန္တု၊ ခေမိနော ဟောန္တု၊ သုခိတတ္တာ ဘဝန္တု။ (သုံးမျိုး)

(ပုထုဇဉ်, သေက္ခ ပုဂ္ဂိုလ်မှန်သမျှ ကိုယ်ချမ်းသာကြပါစေ၊ ငြိမ်းချမ်းသာယာရှိကြပါစေ၊ စိတ်ချမ်းသာကြပါစေ။)

၂။ ထာဝရာ သဗ္ဗသတ္တာ သုခိနော ဟောန္တု၊ ခေမိနော ဟောန္တု၊ သုခိတတ္တာ ဘဝန္တု။ (သုံးမျိုး)

၃။ ဒိဋ္ဌာ သဗ္ဗသတ္တာ သုခိနော ဟောန္တု၊ ခေမိနော ဟောန္တု၊ သုခိတတ္တာ ဘဝန္တု။ (သုံးမျိုး)

၄။ အဒိဋ္ဌာ သဗ္ဗသတ္တာ သုခိနော ဟောန္တု၊ ခေမိနော ဟောန္တု၊ သုခိတတ္တာ ဘဝန္တု။ (သုံးမျိုး)

၅။ ဒူရေ ဝသန္တာ သဗ္ဗသတ္တာ သုခိနော ဟောန္တု၊ ခေမိနော ဟောန္တု၊ သုခိတတ္တာ ဘဝန္တု။ (သုံးမျိုး)

၆။ အဝိဒူရေ ဝသန္တာ သဗ္ဗသတ္တာ သုခိနော ဟောန္တု၊ ခေမိနော ဟောန္တု၊ သုခိတတ္တာ ဘဝန္တု။ (သုံးမျိုး)

၇။ ဘူတာ သဗ္ဗသတ္တာ သုခိနော ဟောန္တု၊ ခေမိနော ဟောန္တု၊ သုခိတတ္တာ ဘဝန္တု။ (သုံးမျိုး)

၈။ သမ္ဘဝေသိနော သဗ္ဗသတ္တာ သုခိနော ဟောန္တု၊ ခေမိနော ဟောန္တု၊ သုခိတတ္တာ ဘဝန္တု။ (သုံးမျိုး)

၉။ ဒီဃာ သဗ္ဗသတ္တာ သုခိနော ဟောန္တု၊ ခေမိနော ဟောန္တု၊ သုခိတတ္တာ ဘဝန္တု။ (သုံးမျိုး)

၁၀။ ရဿာ သဗ္ဗသတ္တာ သုခိနော ဟောန္တု၊ ခေမိနော ဟောန္တု၊ သုခိတတ္တာ ဘဝန္တု။ (သုံးမျိုး)

၁၁။ မဇ္ဈိမာ သဗ္ဗသတ္တာ သုခိနော ဟောန္တု၊ ခေမိနော ဟောန္တု၊ သုခိတတ္တာ ဘဝန္တု။ (သုံးမျိုး)

၁၂။ မဟန္တာ သဗ္ဗသတ္တာ သုခိနော ဟောန္တု၊ ခေမိနော ဟောန္တု၊ သုခိတတ္တာ ဘဝန္တု။ (သုံးမျိုး)

၁၃။ အဏုကာ သဗ္ဗသတ္တာ သုခိနော ဟောန္တု၊ ခေမိနော ဟောန္တု၊ သုခိတတ္တာ ဘဝန္တု။ (သုံးမျိုး)

၁၄။ မဇ္ဈိမာ သဗ္ဗသတ္တာ သုခိနော ဟောန္တု၊ ခေမိနော ဟောန္တု၊ သုခိတတ္တာ ဘဝန္တု။ (သုံးမျိုး)

၁၅။ ထူလာ သဗ္ဗသတ္တာ သုခိနော ဟောန္တု၊ ခေမိနော ဟောန္တု၊ သုခိတတ္တာ ဘဝန္တု။ (သုံးမျိုး)

၁၆။ အဏုကာ သဗ္ဗသတ္တာ သုခိနော ဟောန္တု၊ ခေမိနော ဟောန္တု၊ သုခိတတ္တာ ဘဝန္တု။ (သုံးမျိုး)

၁၇။ မဇ္ဈိမာ သဗ္ဗသတ္တာ သုခိနော ဟောန္တု၊ ခေမိနော ဟောန္တု၊ သုခိတတ္တာ ဘဝန္တု။ (သုံးမျိုး)

တသ စသော ပုဂ္ဂိုလ် (၁၇)မျိုးကို သုခိနော ဟောန္တု၊ ခေမိနော ဟောန္တု၊ သုခိတတ္တာ ဘဝန္တု-ဟု (န္တု) သုံးချက်ဖြင့် မြှောက်လျှင် (၁၇×၃) = (၅၁)ပါးရသည်။

* * * *

## အရပ်ဆယ်မျက်နှာ ဖြန့်၍ပွား

ပုဂ္ဂိုလ်တစ်မျိုး (၅၁-ချက်)ကို အရပ် (၁၀)မျက်နှာ ဖြန့်၍ပွားလျှင် (၅၁၀) ရသည်။ (ပဋိသမ္ဘိဒါမဂ်လာ အရပ် ၁၀-မျက်နှာဖြန့်၍ ပွားပုံကို အတုယူ၍ ပွားခြင်းဖြစ်သည်။)

### အရပ် ၁၀-မျက်နှာ

အရပ် (၁၀)မျက်နှာကို အောက်ပါအတိုင်း ပါဠိ+မြန်မာ နှစ်ဘာသာဖြင့် ကျက်မှတ်ထားသင့်ပေသည်။

| | | | |
|---|---|---|---|
| ၁။ | ပုရတ္ထိမာယ ဒိသာယ | (အရှေ့အရပ်) | တူရူ(တည့်တည့်) အရပ်မျက်နှာ လေးမျိုး |
| ၂။ | ပစ္ဆိမာယ ဒိသာယ | (အနောက်အရပ်) | |
| ၃။ | ဥတ္တရာယ ဒိသာယ | (မြောက်အရပ်) | |
| ၄။ | ဒက္ခိဏာယ ဒိသာယ | (တောင်အရပ်) | |

၅။ ပုရတ္ထိမာယ အနုဒိသာယ (အရှေ့တောင်ထောင့်အရပ်)
၆။ ပစ္ဆိမာယ အနုဒိသာယ (အနောက်မြောက်ထောင့်အရပ်)
၇။ ဥတ္တရာယ အနုဒိသာယ (အရှေ့မြောက်ထောင့်အရပ်)
၈။ ဒက္ခိဏာယ အနုဒိသာယ (အနောက်တောင်ထောင့်အရပ်)
၉။ ဟေဋ္ဌိမာယ ဒိသာယ (အောက်အရပ်)
၁၀။ ဥပရိမာယ ဒိသာယ (အထက်အရပ်)

(၅-မှ ၈-ထိ ထောင့်အရပ် လေးမျိုး)

ပွားများပုံ

၁။ ပုရတ္ထိမာယ ဒိသာယ တသာ သဗ္ဗသတ္တာ သုခိနော ဟောန္တု၊ ခေမိနော ဟောန္တု၊ သုခိတတ္တာ ဘဝန္တု။
(အရှေ့အရပ်၌ ရှိကြကုန်သော ပုထုဇဉ်, သေက္ခပုဂ္ဂိုလ်မှန် သမျှတို့သည် ကိုယ်ချမ်းသာကြပါစေ၊ ငြိမ်းချမ်းသာယာရှိကြပါစေ၊ စိတ်ချမ်းသာကြပါစေ။)

၂။ ပုရတ္ထိမာယ ဒိသာယ ထာဝရာ သဗ္ဗသတ္တာ သုခိနော ဟောန္တု၊ ခေမိနော ဟောန္တု၊ သုခိတတ္တာ ဘဝန္တု။
(အရှေ့အရပ်၌ရှိကြကုန်သော ရဟန္တာပုဂ္ဂိုလ်မှန် သမျှတို့သည် ကိုယ်ချမ်းသာကြပါစေ၊ ငြိမ်းချမ်းသာယာရှိကြပါစေ၊ စိတ်ချမ်းသာကြပါစေ။)

၃။ ပုရတ္ထိမာယ ဒိသာယ ဒိဋ္ဌာ သဗ္ဗသတ္တာ သုခိနော ဟောန္တု၊ ခေမိနော ဟောန္တု၊ သုခိတတ္တာ ဘဝန္တု။

(အရှေ့အရပ်၌ ရှိကြကုန်သော မြင်ဖူး တွေ့ဖူးသော ပုဂ္ဂိုလ်သတ္တဝါ မှန်သမျှ (မျက်စိဖြင့် မြင်အပ်သော ပုဂ္ဂိုလ်သတ္တဝါ မှန်သမျှ)တို့သည် ကိုယ်ချမ်းသာကြပါစေ၊ ငြိမ်းချမ်းသာယာ ရှိကြပါစေ၊ စိတ်ချမ်းသာကြပါစေ။)

၄။ ပုရတ္ထိမာယ ဒိသာယ အဒိဋ္ဌာ သဗ္ဗသတ္တာ သုခိနော ဟောန္တု၊ ခေမိနော ဟောန္တု၊ သုခိတတ္တာ ဘဝန္တု။

အရှေ့အရပ်၌ ရှိကြကုန်သော မမြင်ဖူး မတွေ့ဖူးသော (မျက်စိမြင့် မမြင်အပ်ကုန်သော) ပုဂ္ဂိုလ်သတ္တဝါ မှန်သမျှတို့သည် ကိုယ်ချမ်းသာကြပါစေ၊ ငြိမ်းချမ်းသာယာရှိကြပါစေ၊ စိတ်ချမ်းသာကြပါစေ။)

၅။ ပုရတ္ထိမာယ ဒိသာယ ဒူရေ ဝသန္တာ သဗ္ဗသတ္တာ သုခိနော ဟောန္တု၊ ခေမိနော ဟောန္တု၊ သုခိတတ္တာ ဘဝန္တု။

(အရှေ့အရပ်၌ ရှိကြကုန်သော ရပ်ဝေးရှိ ပုဂ္ဂိုလ်သတ္တဝါ မှန်သမျှတို့သည် ကိုယ်ချမ်းသာကြပါစေ၊ ငြိမ်းချမ်းသာယာရှိကြပါစေ၊ စိတ်ချမ်းသာကြပါစေ။)

၆။ ပုရတ္ထိမာယ ဒိသာယ အဝိဒူရေ ဝသန္တာ သဗ္ဗသတ္တာ သုခိနော ဟောန္တု၊ ခေမိနော ဟောန္တု၊ သုခိတတ္တာ ဘဝန္တု။

(အရှေ့အရပ်၌ ရှိကြကုန်သော အနီးရှိ ပုဂ္ဂိုလ်သတ္တဝါ မှန်သမျှတို့သည် ကိုယ်ချမ်းသာကြပါစေ၊ ငြိမ်းချမ်းသာယာ ရှိကြပါစေ၊ စိတ်ချမ်းသာကြပါစေ။)

၇။ ပုရတ္ထိမာယ ဒိသာယ ဘူတာ သဗ္ဗသတ္တာ သုခိနော ဟောန္တု၊ ခေမိနော ဟောန္တု၊ သုခိတတ္တာ ဘဝန္တု။

(အရှေ့အရပ်၌ ရှိကြကုန်သော ရဟန္တာ ပုဂ္ဂိုလ်မှန်သမျှ တို့သည် ကိုယ်ချမ်းသာကြပါစေ၊ ငြိမ်းချမ်းသာယာရှိကြပါ စေ၊ စိတ်ချမ်းသာကြပါစေ။)

၈။ ပုရတ္ထိမာယ ဒိသာယ သမ္ဗဝေသိနော သဗ္ဗသတ္တာ သုခိနော ဟောန္တု၊ ခေမိနော ဟောန္တု၊ သုခိတတ္တာ ဘဝန္တု။

(အရှေ့အရပ်၌ ရှိကြကုန်သော ပုထုဇဉ်, သေက္ခပုဂ္ဂိုလ် သတ္တဝါမှန်သမျှတို့သည် ကိုယ်ချမ်းသာကြပါစေ၊ ငြိမ်းချမ်း သာယာရှိကြပါစေ၊ စိတ်ချမ်းသာကြပါစေ။)

၉။ ပုရတ္ထိမာယ ဒိသာယ ဒီဃာ သဗ္ဗသတ္တာ သုခိနော ဟောန္တု၊ ခေမိနော ဟောန္တု၊ သုခိတတ္တာ ဘဝန္တု။

(အရှေ့အရပ်၌ ရှိကြကုန်သော ရှည်လျားသော ပုဂ္ဂိုလ် သတ္တဝါ မှန်သမျှတို့သည် ကိုယ်ချမ်းသာကြပါစေ၊ ငြိမ်းချမ်း သာယာရှိကြပါစေ၊ စိတ်ချမ်းသာကြပါစေ။)

၁၀။ ပုရတ္ထိမာယ ဒိသာယ ရဿာ သဗ္ဗသတ္တာ သုခိနော ဟောန္တု၊ ခေမိနော ဟောန္တု၊ သုခိတတ္တာ ဘဝန္တု။

(အရှေ့အရပ်၌ ရှိကြကုန်သော ပုတိုသော ပုဂ္ဂိုလ်သတ္တဝါ မှန်သမျှတို့သည် ကိုယ်ချမ်းသာကြပါစေ၊ ငြိမ်းချမ်းသာယာရှိ ကြပါစေ၊ စိတ်ချမ်းသာကြပါစေ။)

၁၁။ ပုရတ္ထိမာယ ဒိသာယ မဇ္ဈိမာ သဗ္ဗသတ္တာ သုခိနော ဟောန္တု၊ ခေမိနော ဟောန္တု၊ သုခိတတ္တာ ဘဝန္တု။

(အရှေ့အရပ်၌ ရှိကြကုန်သော မရှည်+မတို ခန္ဓာကိုယ်ရှိ ကြသည့် ပုဂ္ဂိုလ်သတ္တဝါမှန်သမျှတို့သည် ကိုယ်ချမ်းသာကြ ပါစေ၊ ငြိမ်းချမ်းသာယာရှိကြပါစေ၊ စိတ်ချမ်းသာကြပါစေ)

၁၂။ ပုရတ္ထိမာယ ဒိသာယ မဟန္တာ သဗ္ဗသတ္တာ သုခိနော ဟောန္တု၊ ခေမိနော ဟောန္တု၊ သုခိတတ္တာ ဘဝန္တု။
(အရှေ့အရပ်၌ ရှိကြကုန်သော ခန္ဓာကိုယ်ကြီးမားသော ပုဂ္ဂိုလ် သတ္တဝါ မှန်သမျှတို့သည် ကိုယ်ချမ်းသာကြပါစေ၊ ငြိမ်းချမ်း သာယာ ရှိကြပါစေ၊ စိတ်ချမ်းသာကြပါစေ။)

၁၃။ ပုရတ္ထိမာယ ဒိသာယ အဏုကာ သဗ္ဗသတ္တာ သုခိနော ဟောန္တု၊ ခေမိနော ဟောန္တု၊ သုခိတတ္တာ ဘဝန္တု။
(အရှေ့အရပ်၌ ရှိကြကုန်သော ခန္ဓာကိုယ်သေးငယ်သော ပုဂ္ဂိုလ်သတ္တဝါမှန်သမျှတို့သည် ကိုယ်ချမ်းသာကြပါစေ၊ ငြိမ်း ချမ်းသာယာရှိကြပါစေ၊ စိတ်ချမ်းသာကြပါစေ။)

၁၄။ ပုရတ္ထိမာယ ဒိသာယ မဇ္ဈိမာ သဗ္ဗသတ္တာ သုခိနော ဟောန္တု၊ ခေမိနော ဟောန္တု၊ သုခိတတ္တာ ဘဝန္တု။
(အရှေ့အရပ်၌ ရှိကြကုန်သော ခန္ဓာကိုယ်မကြီး+မငယ် ပုဂ္ဂိုလ်သတ္တဝါမှန်သမျှတို့သည် ကိုယ်ချမ်းသာကြပါစေ၊ ငြိမ်း ချမ်းသာယာရှိကြပါစေ၊ စိတ်ချမ်းသာကြပါစေ။)

၁၅။ ပုရတ္ထိမာယ ဒိသာယ ထူလာ သဗ္ဗသတ္တာ သုခိနော ဟောန္တု၊ ခေမိနော ဟောန္တု၊ သုခိတတ္တာ ဘဝန္တု။
(အရှေ့အရပ်၌ ရှိကြကုန်သော ခန္ဓာကိုယ်ဆူဖြိုးသော ပုဂ္ဂိုလ် သတ္တဝါမှန်သမျှတို့သည် ကိုယ်ချမ်းသာကြပါစေ၊ ငြိမ်းချမ်း သာယာရှိကြပါစေ၊ စိတ်ချမ်းသာကြပါစေ။)

၁၆။ ပုရတ္ထိမာယ ဒိသာယ အဏုကာ သဗ္ဗသတ္တာ သုခိနော ဟောန္တု၊ ခေမိနော ဟောန္တု၊ သုခိတတ္တာ ဘဝန္တု။

(အရှေ့အရပ်၌ ရှိကြကုန်သော ကြုံလိုသော ခန္ဓာကိုယ်ရှိကြသည့် ပုဂ္ဂိုလ်သတ္တဝါမှန်သမျှတို့သည် ကိုယ်ချမ်းသာကြပါစေ၊ ငြိမ်းချမ်းသာယာရှိကြပါစေ၊ စိတ်ချမ်းသာကြပါစေ။)

၁၇။ ပုရတ္ထိမာယ ဒိသာယ မဇ္ဈိမာ သဗ္ဗသတ္တာ သုခိနော ဟောန္တု၊ ခေမိနော ဟောန္တု၊ သုခိတတ္တာ ဘဝန္တု။
(အရှေ့အရပ်၌ ရှိကြကုန်သော မဝ+မပိန် အလယ်အလတ် ခန္ဓာကိုယ်ရှိကြသည့် ပုဂ္ဂိုလ်သတ္တဝါ မှန်သမျှတို့သည် ကိုယ်ချမ်းသာကြပါစေ၊ ငြိမ်းချမ်းသာယာရှိကြပါစေ၊ စိတ်ချမ်းသာကြပါစေ။)

ဤသို့ အရှေ့အရပ်နှင့်စပ်၍ မေတ္တာ (၅၁)ပါးရ၏။ အနောက်အရပ်စသည်တို့၌လည်း (၅၁)ပါးစီ ရသောကြောင့် အရပ် (၁၀) မျက်နှာဆိုလျှင် မေတ္တာပေါင်း (၅၁၀) ရသည်။

* * * *

## မေတ္တာ (၅၆၁)ပါး (ကေကနည်း)

ဤသို့ အရပ်မျက်နှာနှင့် စပ်၍ (၅၁၀) မေတ္တာ။
အရပ်မျက်နှာမပါဘဲ ရိုးရိုးက (၅၁) မေတ္တာ။
နှစ်ခုပေါင်းလျှင် မေတ္တာပေါင်း (၅၆၁)ပါးဖြစ်သည်။

ဤကား (၅၂၈)သွယ် မေတ္တာပွားနည်းကို နည်းယူ၍ ပွားများအပ်သော မေတ္တာအကျယ်ပွားနည်းတည်း။

ဤသည်မှာ ဒုကနည်း၊ တိကနည်းတို့လာ ပုဂ္ဂိုလ်သတ္တဝါတို့ကို တစ်ပါးစီယူ၍ ပွားခြင်းတည်း။

**ဆောင်ပုဒ်**

၁။ တစ်ဆယ့်ခုနစ်ခု (၁၇–ခု)၊ ပုဂ္ဂိုလ်စု၊ တုသုံးတုနှင့် မြှောက်ပါလေ။

၂။ ယင်းသို့မြှောက်က၊ ငါးတစ် (၅၁)ရ၊ မှတ်ကြရှေးဦးပေ။

၃။ ရပ်၁၀–မျက်နှာ၊ မြှောက်တုံပါ၊ ငါးရာတစ်ဆယ် (၅၁၀)ပေ။

၄။ မျက်နှာအရပ်၊ မသုံးသပ်၊ ရောလတ်ငါးတစ် (၅၁)ပေ။

၅။ ငါးရာခြောက်တစ် (၅၆၁)၊ မေတ္တာဖြစ်၊ မှတ်လစ်မြဲမသွေ။

၆။ မေတ္တာသုတ်လာ၊ တိက်+ဒုက်မှာ၊ မြဲစွာမှတ်ကြလေ။

**မှတ်ချက်**။

တု သုံးတု – ဟူသည်မှာ “သုခိနော ဟောန္တု၊ ခေမိနော ဟောန္တု၊ သုခိတတ္တာ ဘဝန္တု”တို့ကို ဆိုသည်။ (န္တု–သုံးခုဟုလည်း ဆိုနိုင်သည်။)

## အရပ် (၁၀)မျက်နှာ

ယခုပြဆိုခဲ့ပြီးသည့် (၁) အရှေ့အရပ်၊ (၂) အနောက်အရပ်၊ (၃) မြောက်အရပ်၊ (၄) တောင်အရပ်၊ (၅) အရှေ့တောင်အရပ်၊ (၆) အနောက်မြောက်အရပ်၊ (၇) အရှေ့မြောက်အရပ်၊ (၈) အနောက်တောင်အရပ်၊ (၉) အောက်အရပ်၊ (၁၀) အထက်အရပ်ဟု ရေတွက်ပုံမှာ ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်၌ လာသော ရေတွက်ပုံဖြစ်သည်။

အများသိသည့် – (၁) အရှေ့အရပ်၊ (၂) အရှေ့တောင်ထောင့်အရပ်၊ (၃) တောင်အရပ်၊ (၄) အနောက်တောင်ထောင့်အရပ်၊ (၅) အနောက်အရပ်၊ (၆) အနောက်မြောက်ထောင့်အရပ်၊ (၇) မြောက်အရပ်၊ (၈) အရှေ့မြောက်ထောင့်အရပ်၊ (၉) အောက်အရပ်၊ (၁၀) အထက်အရပ်ဟူ၍ အရှေ့အရပ်မှ စပြီး လက်ယာရစ်လှည့် ပို့လျှင်လည်း ဖြစ်နိုင်သည်သာ။

ဤသည်မှာ မေတ္တာသုတ်လာ ပုဂ္ဂိုလ်သတ္တဝါ (၁၇)မျိုးကို တစ်ခုစီယူ၍ (ကေကနည်းဖြင့်) မေတ္တာပွားပုံဖြစ်သည်။

* * * *

## ဒုကနည်းဖြင့် အကျယ်ပွားပုံ (မေတ္တာ ၁၃၂–ပါး)

ဒုကနည်းဖြင့် အကျယ်ပွားပုံကိုလည်း ပြပါဦးမည်။

ဒုကနည်း၌ –

(၁) တသထာဝရဒုက်၊

(၂) ဒိဋ္ဌာဒိဋ္ဌဒုက်၊

(၃) ဒူရ အဝိဒူရဒုက်၊

(၄) ဘူတ သမ္ဘဝေသီဒုက် –

ဟု လေးဒုက်ရှိရာ ဒုက်တစ်ခု စီ တစ်ခုစီ၌ ၃၃–သုံးခုဖြင့် ပွားများလျှင် သုံးမျိုးစီရ၏။

ဥပမာ – တသထာဝရဒုက်၌ = တသာ ဝါ ထာဝရာ ဝါ သဗ္ဗသတ္တာ

(၁) သုခိနော ဟောန္တု၊

(၂) ခေမိနော ဟောန္တု၊

(၃) သုခိတတ္တာ ဘဝန္တု–ဟု သုံးမျိုးရသည်။

ကျန် သုံးဒုက်တို့၌လည်း ဤနည်းအတူ သုံးမျိုးစီရသော ကြောင့် ပေါင်းလျှင် (၄ × ၃ =) ၁၂–မျိုးရသည်။

(ဤကား အရပ်မျက်နှာ မပါဘဲ ပွားခြင်းတည်း။)

အရပ် (၁၀)မျက်နှာဖြင့် ပွားသော် –

၁။ ပုရတ္ထိမာယ ဒိသာယ တသာ ဝါ ထာဝရာ ဝါ သဗ္ဗသတ္တာ သုခိနော ဟောန္တု၊ ခေမိနော ဟောန္တု၊ သုခိတတ္တာ ဘဝန္တု။ သုံးမျိုး

၂။ ပုရတ္ထိမာယ ဒိသာယ ဒိဋ္ဌာ ဝါ အဒိဋ္ဌာ ဝါ သဗ္ဗသတ္တာ သုခိနော ဟောန္တု၊ ခေမိနော ဟောန္တု၊ သုခိတတ္တာ ဘဝန္တု။ သုံးမျိုး

၃။ ပုရတ္ထိမာယ ဒိသာယ ဒူရေ ဝသန္တာ ဝါ အဝိဒူရေ ဝသန္တာ ဝါ သဗ္ဗသတ္တာ သုခိနော ဟောန္တု၊ ခေမိနော ဟောန္တု၊ သုခိတတ္တာ ဘဝန္တု။ သုံးမျိုး

၄။ ပုရတ္ထိမာယ ဒိသာယ ဘူတာ ဝါ သမ္ဘဝေသီ ဝါ သဗ္ဗသတ္တာ သုခိနော ဟောန္တု၊ ခေမိနော ဟောန္တု၊ သုခိတတ္တာ ဘဝန္တု။ သုံးမျိုး

မြန်မာဘာသာဖြင့် ပွားပုံ

၁။ အရှေ့အရပ်၌ ရှိကြကုန်သော ပုထုဇဉ်, သေက္ခ, ရဟန္တာ ပုဂ္ဂိုလ်သတ္တဝါမှန်သမျှတို့သည် ကိုယ်ချမ်းသာကြပါစေ၊ ငြိမ်းချမ်းသာယာရှိကြပါစေ၊ စိတ်ချမ်းသာကြပါစေ။

၂။ အရှေ့အရပ်၌ ရှိကြကုန်သော မြင်အပ်+မမြင်အပ်၊ မြင်ဖူး, မမြင်ဖူးကုန်သော ပုဂ္ဂိုလ်သတ္တဝါမှန်သမျှတို့သည် ကိုယ်ချမ်းသာကြပါစေ၊ ငြိမ်းချမ်းသာယာရှိကြပါစေ၊ စိတ်ချမ်းသာကြပါစေ။

၃။ အရှေ့အရပ်၌ ရှိကြကုန်သော အဝေး+အနီးရှိ ပုဂ္ဂိုလ်သတ္တဝါမှန်သမျှတို့သည် ကိုယ်ချမ်းသာကြပါစေ၊ ငြိမ်းချမ်းသာယာရှိကြပါစေ၊ စိတ်ချမ်းသာကြပါစေ။

၄။ အရှေ့အရပ်၌ ရှိကြကုန်သော ရဟန္တာ, ပုထုဇဉ်, သေက္ခမှန်သမျှတို့သည် ကိုယ်ချမ်းသာကြပါစေ၊ ငြိမ်းချမ်းသာယာရှိကြပါစေ၊ စိတ်ချမ်းသာကြပါစေ။

ဤကား အရှေ့အရပ်နှင့်စပ်၍ ပွားများပုံတည်း၊ ကျန်အရပ် (၉)ပါး၌လည်း ဤနည်းအတူ ပွားပါလေ။

ဤသို့ အရှေ့အရပ်နှင့် စပ်၍ (၄×၃ =) ၁၂–မျိုးရသည်။

ထိုနည်းအတူ ကြွင်းအရပ်မျက်နှာတို့၌လည်း ၁၂–မျိုးစီ ရရာ ပေါင်းလျှင် အရပ်မျက်နှာနှင့်စပ်၍ မေတ္တာပေါင်း (၁၂×၁၀ =) ၁၂၀ ရသည်။

ထို ၁၂၀–တွင် အရပ်မျက်နှာ မသုံးသပ်ဘဲ ရိုးရိုးပွားခြင်း ၁၂–မျိုးကို ထည့်သော် ဒုကနည်း မေတ္တာအကျယ် (၁၃၂)ပါး ဖြစ်၏။

ဤကား ဒုကနည်း အကျယ်ပွားပုံ (၁၃၂)မျိုးတည်း။

### တိကနည်းဖြင့် အကျယ်ပွားပုံ (မေတ္တာ ၉၉-ပါး)

တိကနည်းဖြင့် အကျယ်ပွားလျှင် (၁) ဒီဃတိက်၊ (၂) မဟန္တတိက်၊ (၃) ထူလတိက် သုံးပါးကို န္တု-သုံးပါးဖြင့် မြှောက်ပွားသော် (၃×၃ =) ကိုးပါးရ၏။ ယင်းကိုးပါးကို အရပ် (၁၀)မျက်နှာနှင့် မြှောက်လျှင် (၉×၁၀ = ) ၉၀-ဖြစ်၏၊ ထို (၉၀)တွင် အရပ်မျက်နှာမပါ၊ ရိုးရိုးပွားများသည့် ကိုးပါးကို ထည့်သော် မေတ္တာပေါင်း (၉၉) ပါးရ၏။

ပွားပုံ (ရိုးရိုး) (ပါဠိဘာသာဖြင့်)

၁။ ဒီဃာ ဝါ ရဿာ ဝါ မဇ္ဈိမာ ဝါ သဗ္ဗသတ္တာ သုခိနော ဟောန္တု၊ ခေမိနော ဟောန္တု၊ သုခိတတ္တာ ဘဝန္တု။ (သုံးမျိုး)

၂။ မဟန္တာ ဝါ အဏုကာ ဝါ မဇ္ဈိမာ ဝါ သဗ္ဗသတ္တာ သုခိနော ဟောန္တု၊ ခေမိနော ဟောန္တု၊ သုခိတတ္တာ ဘဝန္တု။ (သုံးမျိုး)

၃။ ထူလာ ဝါ အဏုကာ ဝါ မဇ္ဈိမာ ဝါ သဗ္ဗသတ္တာ သုခိနော ဟောန္တု၊ ခေမိနော ဟောန္တု၊ သုခိတတ္တာ ဘဝန္တု။ (သုံးမျိုး) ပေါင်း ကိုးမျိုး။

### အရပ်မျက်နှာဖြင့် ပွားပုံ

၁။ ပုရတ္ထိမာယ ဒိသာယ ဒီဃာ ဝါ ရဿာ ဝါ မဇ္ဈိမာ ဝါ သဗ္ဗသတ္တာ သုခိနော ဟောန္တု၊ ခေမိနော ဟောန္တု၊ သုခိတတ္တာ ဘဝန္တု။ (သုံးမျိုး)

၂။ ပုရတ္ထိမာယ ဒိသာယ မဟန္တာ ဝါ အဏုကာ ဝါ မဇ္ဈိမာ ဝါ သဗ္ဗသတ္တာ သုခိနော ဟောန္တု၊ ခေမိနော ဟောန္တု၊ သုခိတတ္တာ ဘဝန္တု။ (သုံးမျိုး)

၃။ ပုရတ္ထိမာယ ဒိသာယ ထူလာ ဝါ အဏုကာ ဝါ မဇ္ဈိမာ ဝါ သဗ္ဗသတ္တာ သုခိနော ဟောန္တု၊ ခေမိနော ဟောန္တု၊ သုခိတတ္တာ ဘဝန္တု။ (သုံးမျိုး)

ဤသို့လျှင် အရှေ့အရပ်နှင့်စပ်၍ မေတ္တာပေါင်း ကိုးမျိုးရသည်။ ကြွင်းသော အရပ်မျက်နှာတို့၌လည်း ကိုးမျိုးစီရရာ အရပ်မျက်နှာနှင့်စပ်၍ (၉ × ၁၀ =) မေတ္တာပေါင်း ၉၀–ရသည်။

အရပ်မျက်နှာမပါ၊ ရိုးရိုးပွားသော မေတ္တာကိုးပါးကို ထည့်လျှင် (၉၀+၉ =) မေတ္တာပေါင်း ၉၉–ပါးရသည်။

ဤသို့ ပါဠိဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာဖြင့်ဖြစ်စေ ပွားအပ်၏။

* * * *

## မြန်မာဘာသာဖြင့် ပွားပုံ

၁။ အရှေ့အရပ်၌ ရှိကြကုန်သော ရှည်သောသတ္တဝါ၊ တို (ပု) သော သတ္တဝါ၊ အလယ်အလတ် သတ္တဝါမှန်သမျှတို့သည် ကိုယ်ချမ်းသာကြပါစေ၊ ငြိမ်းချမ်းသာယာရှိကြပါစေ၊ စိတ်ချမ်းသာကြပါစေ။

၂။ အရှေ့အရပ်၌ ရှိကြကုန်သော ခန္ဓာကိုယ်ကြီးသောသတ္တဝါ၊ ခန္ဓာကိုယ်သေးငယ်သောသတ္တဝါ၊ မကြီး+မငယ်သော ခန္ဓာကိုယ်ရှိကြသည့် သတ္တဝါမှန်သမျှတို့သည် ကိုယ်ချမ်းသာကြပါစေ၊ ငြိမ်းချမ်းသာယာရှိကြပါစေ၊ စိတ်ချမ်းသာကြပါစေ။

၁။ အရှေ့အရပ်၌ ရှိကြကုန်သော ဝဖြိုးသောသတ္တဝါ၊ ကြုံလှီ (ပိန်)သောသတ္တဝါ၊ မပိန်+မဝသော သတ္တဝါမှန်သမျှတို့သည် ကိုယ်ချမ်းသာကြပါစေ၊ ငြိမ်းချမ်းသာယာရှိကြပါစေ၊ စိတ်ချမ်းသာကြပါစေ။

ဤကား အရှေ့အရပ်နှင့်စပ်၍ ပွားအပ်သော တိကမေတ္တာ ပွားနည်းတည်း။ ကျန်အရပ် ကိုးပါးတို့၌လည်း နည်းတူပွားပါလေ။

**မေတ္တာပေါင်းချုပ်**

မေတ္တသုတ္တန်လာ မေတ္တာပွားနည်းတို့ကို

(၁) တစ်ခုစီခွဲ၍ ပွားသော ကေကနည်း။

(၂) နှစ်ခုစီခွဲ၍ပွားသော ဒုကနည်း၊

(၃) သုံးခုစီခွဲ၍ ပွားသော တိကနည်းတို့ဖြင့် ပြအပ်ပြီးပါပြီ။

ယင်းတို့ကို စုပေါင်းလိုက်လျှင် ...

၁။ ကေကနည်းဖြင့် ပွားအပ်သော မေတ္တာ ၅၆၁-ပါး၊

၂။ ဒုကနည်းဖြင့် ပွားအပ်သော မေတ္တာ ၁၃၂-ပါး၊

၃။ တိကနည်းဖြင့် ပွားအပ်သော မေတ္တာ ၉၉-ပါး၊

စုစုပေါင်း ၇၉၂-ပါးဖြစ်သည်။

ဤကား ချမ်းသာစီးပွားကို ရစေလိုသောစိတ်ဖြင့် ပွားအပ်သော ဟိတူပသံဟာရ မေတ္တာပွားနည်း ၇၉၂-နည်း ဖြစ်သည်။

## မေတ္တာပွားနည်း နောက်တစ်မျိုး

မေတ္တာသုတ္တန်၌ ရှေးဦးစွာ သတ္တဝါတို့ကို နှစ်အုပ်စုခွဲ၍ မေတ္တာပို့ပုံ (ဒုကနည်း) နှင့် သုံးအုပ်စုခွဲ၍ ပို့ပုံ (တိကနည်း) တို့ကို ပြ၏။ ယင်း ဒုကနည်း၊ တိကနည်းလာ ပုဂ္ဂိုလ်သတ္တဝါ (တသပုဂ္ဂိုလ် ထာဝရပုဂ္ဂိုလ်စသည်) တို့ကို

"သုခိနော ဟောန္တု = ကိုယ်ချမ်းသာကြပါစေ။

ခေမိနော ဟောန္တု = ငြိမ်းချမ်းသာယာရှိကြပါစေ။

သုခိတတ္တာ ဘဝန္တု = စိတ်ချမ်းသာကြပါစေ" ဟု - (န္တု-သုံးချက်ဖြင့်) ပွားများနည်းကို ပြ၏။

ယင်းသို့ ပို့ပုံမှာ သတ္တဝါတွေ ကောင်းကျိုးချမ်းသာ ရစေလိုသောစိတ်ဖြင့် ပို့ခြင်းဖြစ်သောကြောင့် "ဟိတူပသံဟာရမေတ္တာပို့နည်း"ဟု ဆိုရသည်။ (ဟိတ-သတ္တဝါတို့၏ ကောင်းကျိုးစီးပွားကို၊ ဥပသံဟာရ-ဆောင်ယူခြင်း)

မေတ္တာပို့ရာ၌ ကောင်းကျိုးချမ်းသာ ရစေလိုသောစိတ်ဖြင့်သာ ပို့ရသည် မဟုတ်၊ မကောင်းသောဆင်းရဲဒုက္ခတို့ကို ဖယ်ရှားကင်းဝေးစေလိုသောစိတ်ဖြင့်လည်း ပွားများရသည်။

ထိုသို့ ဆင်းရဲဒုက္ခကို ဖယ်ရှားကင်းဝေစေလိုသောစိတ်ဖြင့် မေတ္တာပွားပုံကို "န ပရော ပရံ နိကုဗ္ဗေထ"စသော ဂါထာဖြင့် ပြတော်မူ၏။

မှန်၏၊ တစ်ယောက်နှင့်တစ်ယောက် လိမ်လည်ခြင်း၊ လှည့်ပတ်ခြင်း၊ ကောက်ကျစ်စဉ်းလဲခြင်း ပြုနေ ရှိနေကြလျှင် တစ်ယောက်နှင့်တစ်ယောက် ချစ်ခင်မှု မေတ္တာ မဖြစ်နိုင်။

ထို့အတူ – တစ်ယောက်နှင့်တစ်ယောက် အထင်သေးခြင်း၊ အထင်မှားခြင်း၊ မထီလေးစားလုပ်ခြင်းသည်လည်း မေတ္တာပျက်၍ မုန်းတီးမှု ဒေါသ၊ ရန်ငြိုးဖွဲ့မှု အာဃာတတွေကို ဖြစ်စေတတ်သည်။

ထိုနည်းတူစွာ တစ်ယောက်ဆင်းရဲတာကို တစ်ယောက်က သဘောကျနေ လိုလားနေလျှင် မည်သည့်နည်းနှင့်မျှ မေတ္တာမဖြစ်နိုင်တော့လေ။ တစ်ယောက်နှင့်တစ်ယောက် ရန်ပွားနေကြမည်သာ ဖြစ်၏။

ထို့ကြောင့် –

၁။ န ပရော ပရံ နိကုဗ္ဗေထ = တစ်ယောက်နှင့်တစ်ယောက် လိမ်ညာခြင်း၊ လှည့်ပတ်ခြင်း ကင်းကြပါစေ။

၂။ နာတိမညေထ ကတ္ထစိ န ကဉ္စိ = တစ်ယောက်နှင့်တစ်ယောက် အထင်သေးခြင်း၊ မထီလေးစားလုပ်ခြင်း ကင်းကြပါစေ။

၃။ ဗျာရောသနာ ပဋိဃသညာ၊ နာညမညဿ ဒုက္ခမိစ္ဆေယျ = တစ်ယောက်ဆင်းရဲတာကို တစ်ယောက်က လိုလားသဘောကျနေခြင်းမှ ကင်းကြပါစေဟုလည်း ပွားများရမည်ဖြစ်ကြောင်း ဘုရားရှင် ညွှန်ကြားတော်မူခဲ့ပါသည်။

ဤသို့ ပို့အပ်သောမေတ္တာကို "အဟိတာပနယန မေတ္တာပို့နည်း"ဟု ဆိုရပါသည်။ (အဟိတ = အကျိုးစီးပွားမရှိခြင်း၊ ဆင်းရဲခြင်းကို။ အပနယန = ဖယ်ရှားခြင်း၊ ကင်းဝေးစေခြင်း။)

ဤသို့လျှင် မေတ္တသုတ္တန်၌ –

(၁) ဟိတူပသံဟာရ မေတ္တာပို့နည်း၊

(၂) အဟိတာပနယနမေတ္တာပို့နည်းဟု နှစ်နည်းပြတော်မူပါသည်။

ထိုနှစ်နည်းတို့တွင် ဟိတူပသံဟာရမေတ္တာပို့နည်းကို ဒုက နည်း၊ တိကနည်းဟု နှစ်နည်းခွဲ၍ တု (နှု) သုံးချက်ဖြင့် မေတ္တာပွား ပုံကို ပြတော်မူသည်။

အပဟိတာပနယနနည်းကိုမူ ပုဂ္ဂိုလ်အမျိုးမျိုး မပြတော့ဘဲ တစ်မျိုးတည်းသာ ပြတော်မူပါသည်။

ထိုအပဟိတာပနယနမေတ္တာကိုလည်း ပုဂ္ဂိုလ် (၁၇)ယောက် ခွဲ၍ အရပ် (၁၀)မျက်နှာ ဖြန့်လွှမ်း ပို့အပ်သော ကေကနည်း၊ ပုဂ္ဂိုလ်နှစ်မျိုးစီခွဲ၍ အရပ် (၁၀)မျက်နှာဖြန့်လွှမ်းပြီး ပို့ရသော ဒုက နည်း၊ ပုဂ္ဂိုလ်သုံးမျိုးခွဲ၍ အရပ် (၁၀)မျက်နှာ ဖြန့်လွှမ်းပြီး ပို့ရသော တိကနည်းတို့ဖြင့် အကျယ်ပွားလိုက ပွားနိုင်ပါသည်။

ဤအပဟိတာပနယနနည်း၌ အကျယ်မပြတော့ဘဲ သိသာရုံ အကျဉ်းမျှ ပြပါဦးမည်။

* * * *

## ကေကနည်း မေတ္တာ (၅၆၁-ပါး)

ပုဂ္ဂိုလ် (၁၇)ယောက်ကို "န ပရော ပရံ နိကုဗ္ဗေထ" စသော သုံးမျိုးဖြင့် ပွားက (၅၁)ယောက်ရသည်။ ယင်းကို အရပ် (၁၀) မျက်နှာနှင့် မြှောက်လျှင် (၅၁၀)ရသည်၊ အရပ်မျက်နှာမပါ (၅၁+ အရပ်မျက်နှာပါ ၅၁၀-ဖြစ်၍ မေတ္တာပေါင်း (၅၆၁)ပါးရသည်။

ဥပမာ -

၁။ တသာ သဗ္ဗသတ္တာ -

(၁) န ပရော ပရံ နိကုဗ္ဗေယျ၊
(၂) နာတိမညေယျ ကတ္ထစိ နံ ကဉ္စိ၊
(၃) နာညမညဿ ဒုက္ခမိစ္ဆေယျ။

* ပုထုဇဉ်, သေက္ခပုဂ္ဂိုလ်တို့သည် –

(၁) တစ်ယောက်နှင့်တစ်ယောက် လိမ်ညာလှည့်ပတ်ခြင်း ကင်းကြပါစေ။
(၂) အထင်သေးခြင်း, မထီလေးစားလုပ်ခြင်း ကင်းကြပါစေ။
(၃) ဆင်းရဲဒုက္ခ ရောက်စေလိုခြင်းမှ ကင်းကြပါစေ။

၂။ ထာဝရာ သဗ္ဗသတ္တာ –

(၁) န ပရော ပရံ နိကုဗ္ဗေယျ၊
(၂) နာတိမညေယျ ကတ္ထစိ နံ ကဉ္စိ၊
(၃) နာညမညဿ ဒုက္ခမိစ္ဆေယျ။

* ရဟန္တာပုဂ္ဂိုလ်တို့သည် –

(၁) တစ်ယောက်နှင့်တစ်ယောက် လိမ်ညာလှည့်ပတ်ခြင်း ကင်းကြပါစေ။
(၂) အထင်သေးခြင်း, မထီလေးစားလုပ်ခြင်း ကင်းကြပါစေ။
(၃) ဆင်းရဲဒုက္ခ ရောက်စေလိုခြင်းမှ ကင်းကြပါစေ စသည်ဖြင့်။ <u>အရပ်မျက်နှာ မပါဘဲ</u> ပွားနိုင်ပေသည်။

အရပ်မျက်နှာနှင့်စပ်၍ ပွားလိုလျှင် –

၁။ ပုရတ္ထိမာယ ဒိသာယ တသာ သဗ္ဗသတ္တာ –

(၁) န ပရော ပရံ နိကုဗ္ဗေထ။

(၂) နာတိမညေထ ကတ္ထစိ နံ ကဉ္စိ၊

(၃) နာညမညဿ ဒုက္ခမိစ္ဆေယျ။

* အရှေ့အရပ်၌ရှိကြကုန်သော ပုထုဇဉ်, သေက္ခပုဂ္ဂိုလ်တို့သည်

(၁) တစ်ယောက်နှင့်တစ်ယောက် လိမ်ညာလှည့်ပတ်ခြင်း ကင်းကြပါစေ။

(၂) အထင်သေးခြင်း, မထီလေးစားလုပ်ခြင်း ကင်းကြပါစေ။

(၃) ဆင်းရဲဒုက္ခ ရောက်စေလိုခြင်းမှ ကင်းကြပါစေ။

၂။ ပုရတ္ထိမာယ ဒိသာယ ထာဝရာ သဗ္ဗသတ္တာ –

(၁) န ပရော ပရံ နိကုဗ္ဗေထ။

(၂) နာတိမညေထ ကတ္ထစိ နံ ကဉ္စိ၊

(၃) နာညမညဿ ဒုက္ခမိစ္ဆေယျ။

* အရှေ့အရပ်၌ရှိကြကုန်သော ရဟန္တာပုဂ္ဂိုလ်တို့သည် –

(၁) တစ်ယောက်နှင့်တစ်ယောက် လိမ်ညာလှည့်ပတ်ခြင်း ကင်းကြပါစေ။

(၂) အထင်သေးခြင်း, မထီလေးစားလုပ်ခြင်း ကင်းကြပါစေ။

(၃) ဆင်းရဲဒုက္ခ ရောက်စေလိုခြင်းမှ ကင်းကြပါစေ – စသည်ဖြင့် ပွားရပေမည်။

မှတ်ချက်။

ရဟန္တာပုဂ္ဂိုလ် (ထာဝရပုဂ္ဂိုလ်၊ ဘူတပုဂ္ဂိုလ်) တို့၌ တစ်ယောက်နှင့်တစ်ယောက် လိမ်ညာလှည့်ပတ်ခြင်း (မာယာ, သာဌေယျ= လောဘ)၊ တစ်ယောက်နှင့်တစ်ယောက် အထင်သေးခြင်း၊ မထီလေးစားလုပ်ခြင်း (မာန)၊ ဆင်းရဲစေလိုခြင်း (ဒေါသ= ဗျာပါဒ) ဟူသော တရားဆိုးများ မရှိတော့ပေ။

ထို့ကြောင့် ရဟန္တာပုဂ္ဂိုလ်တို့သည် တစ်ယောက်နှင့်တစ်ယောက် လိမ်ညာလှည့်ပတ်ခြင်း ကင်းကြပါစေ၊ အထင်သေးခြင်း, မထီလေးစားလုပ်ခြင်းမှ ကင်းကြပါစေ၊ ဆင်းရဲဒုက္ခ လိုလားခြင်းမှ ကင်းကြပါစေဟု မေတ္တာပို့ဖွယ် မလိုတော့ပေ။ သို့သော် မေတ္တာသုတ် ဒေသနာတော် အလျင်၌ ကျရောက်သည်ဟု သဘောထား၍ ရွတ်ပွားလျှင်လည်း မှားယွင်းသည်ဟု ဆိုနိုင်မည် မထင်ပေ။

အဘယ့်ကြောင့် ဆိုသော် ထိုတသ ထာဝရဒုက်လာ ပုဂ္ဂိုလ်များ (ပုထုဇဉ်, သေက္ခ, ရဟန္တာပုဂ္ဂိုလ်များ) ကို "တသထာဝရာ သဗ္ဗသတ္တာ သုခိနော ဟောန္တု (ကိုယ်ချမ်းသာကြပါစေ၊ ကိုယ်ဆင်းရဲ ကင်းကြပါစေ။)

ခေမိနော ဟောန္တု (ငြိမ်းချမ်းသာယာရှိကြပါစေ။)

သုခိတတ္တာ ဘဝန္တု (စိတ်ချမ်းသာကြပါစေ၊ စိတ်ဆင်းရဲကင်းကြပါစေ)ဟု မေတ္တာပွားပုံကို ပြရာ၌ သုခိတတ္တာ ဘဝန္တု = စိတ်ချမ်းသာကြပါစေ ဟူသော မေတ္တာပို့ပုံကို ဘုရားရှင် ပြထားသောကြောင့် ပေတည်း။

ရဟန္တာပုဂ္ဂိုလ်များ၌ စိတ်ဆင်းရဲမှု လုံးဝမရှိကြတော့သော ကြောင့် "ရဟန္တာပုဂ္ဂိုလ်တွေ စိတ်ချမ်းသာကြပါစေ"ဟူသော မေတ္တာ ပို့သည် မလိုအပ်သလို ဖြစ်နေပေသည်။ သို့သော် ဘုရားရှင်က မေတ္တသုတ်ဒေသနာအစဉ် (ဒေသနာအလျင်=ဒေသနာသောတ)၌ ထိုသို့ဟောထားသည်ကို ထောက်၍ ရဟန္တာပုဂ္ဂိုလ်တွေ တစ်ယောက် နှင့်တစ်ယောက် လိမ်ညာလှည့်ပတ်ခြင်း၊ အထင်သေးခြင်း၊ ဆင်းရဲ ဒုက္ခ ဖြစ်စေလိုခြင်းမှ ကင်းကြပါစေဟု မေတ္တာဘာဝနာ၌ ထည့်သွင်း ပွားများလျှင် အပြစ်တစ်စုံတစ်ရာ ရှိမည်ဟု မယူဆပါ။

## ဒုကနည်း မေတ္တာ (၁၃၂)ပါး

ထို "န ပရော ပရံ နိကုဗ္ဗေထ = စသော မေတ္တာပွားနည်း သုံးမျိုးကို ဒုကနည်းဖြင့် ပွားလိုလျှင် –

၁။ တသာ ဝါ ထာဝရာ ဝါ သဗ္ဗသတ္တာ

(၁) န ပရော ပရံ နိကုဗ္ဗေယျုံ၊

(၂) နာတိမညေယျုံ ကတ္ထစိ နံ ကဉ္စိ၊

(၃) နာညမညဿ ဒုက္ခမိစ္ဆေယျုံ။

* ပုထုဇဉ်, သေက္ခပုဂ္ဂိုလ်နှင့် ရဟန္တာပုဂ္ဂိုလ်တို့သည် –

(၁) တစ်ယောက်နှင့်တစ်ယောက် လိမ်ညာလှည့်ပတ်ခြင်း ကင်းကြပါစေ။

(၂) အထင်သေးခြင်း, မထီလေးစားလုပ်ခြင်း ကင်းကြပါ စေ။

(၃) ဆင်းရဲဒုက္ခ ရောက်စေလိုခြင်းမှ ကင်းကြပါစေ –

၂။ ဒိဋ္ဌာ ဝါ အဒိဋ္ဌာ ဝါ သဗ္ဗသတ္တာ -

(၁) န ပရော ပရံ နိကုဗ္ဗေထ၊

(၂) နာတိမညေထ ကတ္ထစိ နံ ကဉ္စိ၊

(၃) နာညမညဿ ဒုက္ခမိစ္ဆေယျ။

* မြင်ဖူးသော သတ္တဝါ, မမြင်ဖူးသော သတ္တဝါ (မြင်အပ်သော သတ္တဝါ, မမြင်အပ်သော သတ္တဝါ)တို့သည်

(၁) တစ်ယောက်နှင့်တစ်ယောက် လိမ်ညာလှည့်ပတ်ခြင်း ကင်းကြပါစေ။

(၂) အထင်သေးခြင်း, မထီလေးစားလုပ်ခြင်း ကင်းကြပါစေ။

(၃) ဆင်းရဲဒုက္ခ ရောက်စေလိုခြင်းမှ ကင်းကြပါစေ - စသည်ဖြင့် အရပ်မျက်နှာမပါဘဲ ရိုးရိုးပွားနိုင်သကဲ့သို့ အရပ်မျက်နှာနှင့် တွဲစပ်၍လည်း အောက်ပါအတိုင်း ပွားရပေမည်။

၁။ ပုရတ္ထိမာယ ဒိသာယ တသာ ဝါ ထာဝရာ ဝါ သဗ္ဗသတ္တာ

(က) န ပရော ပရံ နိကုဗ္ဗေထ၊

(၂) နာတိမညေထ ကတ္ထစိ နံ ကဉ္စိ၊

(၃) နာညမညဿ ဒုက္ခမိစ္ဆေယျ။

* အရှေ့အရပ်၌ရှိကြကုန်သော ပုထုဇဉ်, သေက္ခပုဂ္ဂိုလ်များသည် -

(၁) တစ်ယောက်နှင့်တစ်ယောက် လိမ်ညာလှည့်ပတ်ခြင်း ကင်းကြပါစေ။

(၂) အထင်သေးခြင်း, မထီလေးစားလုပ်ခြင်း ကင်းကြပါစေ။

(၃) ဆင်းရဲဒုက္ခ ရောက်စေလိုခြင်းမှ ကင်းကြပါစေ။

၂။ ပုရတ္ထိမာယ ဒိသာယ ဒိဋ္ဌာ ဝါ အဒိဋ္ဌာ ဝါ သဗ္ဗသတ္တာ -

(က) န ပရော ပရံ နိကုဗ္ဗေယျ၊

(၂) နာတိမညေယျ ကတ္ထစိ နံ ကဉ္စိ၊

(၃) နာညမညဿ ဒုက္ခမိစ္ဆေယျ။

* အရှေ့အရပ်၌ရှိကြကုန်သော မြင်ဖူး, မမြင်ဖူးသောပုဂ္ဂိုလ် (မြင်အပ်, မမြင်အပ်သောပုဂ္ဂိုလ်) တို့သည်

(၁) တစ်ယောက်နှင့်တစ်ယောက် လိမ်ညာလှည့်ပတ်ခြင်း ကင်းကြပါစေ။

(၂) အထင်သေးခြင်း, မထီလေးစားလုပ်ခြင်း ကင်းကြပါစေ။

(၃) ဆင်းရဲဒုက္ခ ရောက်စေလိုခြင်းမှ ကင်းကြပါစေ - စသည် .....

ဤသို့ ပွားလျှင် အရပ်မျက်နှာမပါ၊ ၁၂-ပါး။ အရပ်မျက်နှာပါ ၁၂၀။ ပေါင်း ဒုကမေတ္တာပေါင်း (၁၃၂)ပါးဖြစ်သည်။

* * * *

## တိကနည်းမေတ္တာ (၉၉)ပါး

တိကနည်းဖြင့် ပွားရာ၌လည်း ရှေ့ပိုင်းက ပြအပ်ခဲ့ပြီးသော (၁) ဒီဃတိက်လာ ပုဂ္ဂိုလ်သုံးမျိုး။ (၂) မဟန္တတိက်လာ ပုဂ္ဂိုလ်သုံးမျိုး။ (၃) ထူလတိက်လာ ပုဂ္ဂိုလ်သုံးမျိုးတို့ကို "န ပရော ပရံ နိကုဗ္ဗေယျ"စသော သုံးမျိုးဖြင့် ပွားရသည်။ အရပ်မျက်နှာမပါဘဲ ပွားပြီးနောက် အရပ်မျက်နှာနှင့် တွဲဖက်၍လည်း ပွားများရမည်။

ဥပမာ -

၁။ ဒီဃာ ဝါ ရဿာ ဝါ မဇ္ဈိမာ ဝါ သဗ္ဗသတ္တာ -

(က) န ပရော ပရံ နိကုဗ္ဗေယျ၊

(၂) နာတိမညေယျ ကတ္ထစိ နံ ကဉ္စိ၊

(၃) နာညမညဿ ဒုက္ခမိစ္ဆေယျ။

* ခန္ဓာကိုယ်ရှည်သော သတ္တဝါ, တိုသော (ပုသော) သတ္တဝါ, မရှည်-မတို ခန္ဓာကိုယ်ရှိသော ပုဂ္ဂိုလ်သတ္တဝါတို့သည် -

(၁) တစ်ယောက်နှင့်တစ်ယောက် လိမ်ညာလှည့်ပတ်ခြင်း ကင်းကြပါစေ။

(၂) အထင်သေးခြင်း, မထီလေးစားလုပ်ခြင်း ကင်းကြပါစေ။

(၃) ဆင်းရဲဒုက္ခ ရောက်စေလိုခြင်းမှ ကင်းကြပါစေ။

၂။ မဟန္တာ ဝါ အဏုကာ ဝါ မဇ္ဈိမာ ဝါ သဗ္ဗသတ္တာ -

(က) န ပရော ပရံ နိကုဗ္ဗေယျ၊

(၂) နာတိမညေယျ ကတ္ထစိ နံ ကဉ္စိ၊

(၃) နာညမညဿ ဒုက္ခမိစ္ဆေယျ။

* ခန္ဓာကိုယ်ကြီးသော သတ္တဝါ, သေးငယ်သော သတ္တဝါ, မကြီး+မသေး အလယ်အလတ် ခန္ဓာကိုယ်ရှိသော ပုဂ္ဂိုလ်သတ္တဝါသည် -

(၁) တစ်ယောက်နှင့်တစ်ယောက် လိမ်ညာလှည့်ပတ်ခြင်း ကင်းကြပါစေ။

(၂) အထင်သေးခြင်း, မထီလေးစားလုပ်ခြင်း ကင်းကြပါစေ။

(၃) ဆင်းရဲဒုက္ခ ရောက်စေလိုခြင်းမှ ကင်းကြပါစေ။

ထုလတိက် သုံးခုကိုလည်း နည်းမှီပွားပါလေ။

ဤသို့ပွားလျှင် အရပ်မျက်နှာမပါ မေတ္တာ ၉-ပါးရပါသည်။ အရပ်မျက်နှာနှင့် တွဲစပ်ပွားပုံ -

၁။ ပုရတ္ထိမာယ ဒိသာယ ဒီဃာ ဝါ ရဿာ ဝါ မဇ္ဈိမာ ဝါ သဗ္ဗသတ္တာ -

(က) န ပရော ပရံ နိကုဗ္ဗေယျုံ၊

(၂) နာတိမညေယျုံ ကတ္ထစိ နံ ကဉ္စိ၊

(၃) နာညမညဿ ဒုက္ခမိစ္ဆေယျုံ။

* အရှေ့အရပ်၌ရှိကြကုန်သော ခန္ဓာကိုယ်ရှည်သော သတ္တဝါ၊ ပု (တို)သောသတ္တဝါ၊ မရှည်-မတို အလယ်အလတ်စား ခန္ဓာကိုယ်ရှိသော ပုဂ္ဂိုလ်သတ္တဝါတို့သည် -

(၁) တစ်ယောက်နှင့်တစ်ယောက် လိမ်ညာလှည့်ပတ်ခြင်း ကင်းကြပါစေ။

(၂) အထင်သေးခြင်း, မထီလေးစားလုပ်ခြင်း ကင်းကြပါစေ။

(၃) ဆင်းရဲဒုက္ခ ရောက်စေလိုခြင်းမှ ကင်းကြပါစေ။

၂။ ပုရတ္ထိမာယ ဒိသာယ မဟန္တာ ဝါ အဏုကာ ဝါ မဇ္ဈိမာ ဝါ သဗ္ဗသတ္တာ

(က) န ပရော ပရံ နိကုဗ္ဗေယျ၊

(၂) နာတိမညေယျ ကတ္ထစိ နံ ကဉ္စိ၊

(၃) နာညမညဿ ဒုက္ခမိစ္ဆေယျ။

* အရှေ့အရပ်၌ ရှိကြကုန်သော ခန္ဓာကိုယ်ကြီးမားသော သတ္တဝါ၊ သေးငယ်သော သတ္တဝါ၊ မကြီး+မငယ် အလယ်အလတ် ခန္ဓာရှိသော သတ္တဝါတို့သည် –

(၁) တစ်ယောက်နှင့်တစ်ယောက် လိမ်ညာလှည့်ပတ်ခြင်း ကင်းကြပါစေ။

(၂) အထင်သေးခြင်း, မထီလေးစားလုပ်ခြင်း ကင်းကြပါစေ။

(၃) ဆင်းရဲဒုက္ခ ရောက်စေလိုခြင်းမှ ကင်းကြပါစေ။

ကျန် ထူလတိက်၌လည်း နည်းမှီးပြီး ပွားပါလေ။

ဤသို့ပွားပါက အရပ်မျက်နှာ မပါ ရိုးရိုးတိကမေတ္တာ ကိုးပါး၊ အရပ်မျက်နှာပါသည့် ဒိသာဖရဏမေတ္တာ (၉၀) နှစ်ခုပေါင်းလျှင် တိကမေတ္တာပေါင်း (၉၉)ပါး ဖြစ်သည်။

ဤသို့လျှင် မေတ္တသုတ္တန်လာ မေတ္တာပွားနည်းကို အရပ် (၁၀)မျက်နှာဖြန့်၍ ပွားများသည့် ဒိသာဖရဏနည်းဖြင့် ပွားများပါက

၁။ ဟိတူသံဟာရမေတ္တာ

| | | |
|---|---|---|
| (က) | ကေကနည်းဖြင့် | ၅၆၀–ပါး၊ |
| (ခ) | ဒုကနည်းဖြင့် | ၁၃၂–ပါး၊ |
| (ဂ) | တိကနည်းဖြင့် | ၉၉–ပါး၊ |
| | ပေါင်း | ၇၉၂–ပါး၊ |

၂။ ဟိတာပနယန မေတ္တာ

| | | |
|---|---|---|
| (က) | ကေကနည်းဖြင့် | ၅၆၀–ပါး၊ |
| (ခ) | ဒုကနည်းဖြင့် | ၁၃၂–ပါး၊ |
| (ဂ) | တိကနည်းဖြင့် | ၉၉–ပါး၊ |
| | ပေါင်း | ၇၉၂–ပါး၊ |

နှစ်မျိုးလုံး ပေါင်းသော် (၇၉၂+၇၉၂ =) မေတ္တာပွားနည်း ပေါင်း (၁၅၈၄)ပါးဖြစ်သည်။

မေတ္တာသုတ်ကို အခြေခံ၍ မေတ္တာဘာဝနာ ပေါက်မြောက်အောင် အားထုတ်လိုသောပုဂ္ဂိုလ်သည် ယခုဆိုခဲ့ပြီးအတိုင်း ပွားများခဲ့ပါလျှင် ထူးခြားသော အကျိုးများ ရနိုင်ပေသည်။

* * * *

## ငါးရာ့နှစ်ဆယ် ရှစ်သွယ်မေတ္တာ

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ် တော်တော်များများသည် "ငါးရာ့နှစ်ဆယ် ရှစ်သွယ်မေတ္တာ"ဟူသော စကားကို ကြားဖူးကြပေလိမ့်မည်။

သို့သော် ငါးရာ့နှစ်ဆယ် ရှစ်သွယ်မေတ္တာ (၅၂၈ မေတ္တာ) ကို ရေတွက်တတ်သူကား နည်းပေလိမ့်မည်၊ ရေတွက်တတ်သည့် ပုဂ္ဂိုလ်များတွင်လည်း ထို (၅၂၈)သွယ် မေတ္တာကို ပို့ဖြစ်၊ ပွားဖြစ် သော ပုဂ္ဂိုလ်များက ပို၍ပင် နည်းပေလိမ့်ဦးမည်။

ထို့ကြောင့် ငါးရာ့နှစ်ဆယ် ရှစ်သွယ်မေတ္တာကို ပွားများလိုသော ပုဂ္ဂိုလ်တို့ ပွားများနိုင်ရန် ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ လာသည့်အတိုင်း ထို "ငါးရာ့နှစ်ဆယ် ရှစ်သွယ်မေတ္တာ"ကို ပြဆိုပါဦးမည်။

## ပုဂ္ဂိုလ် (၁၂) အုပ်စု

ငါးရာ့နှစ်ဆယ် ရှစ်သွယ်မေတ္တာကို လေ့လာလို, ပွားများလို သော ပုဂ္ဂိုလ်တို့သည် ရှေးဦးစွာ (ထိုမေတ္တာပွားနည်း၌လာသော) ပုဂ္ဂိုလ်အုပ်စု (၁၂)စုကို မှတ်သားရပေမည်။

ထိုပုဂ္ဂိုလ် (၁၂)အုပ်စုကို ပါဠိ+မြန်မာ နှစ်ဘာသာဖြင့် တွဲ စပ်၍ အောက်ပါအတိုင်း မှတ်သားရပါမည်။

၁။ သဗ္ဗေ သတ္တာ = သတ္တဝါအားလုံး၊

၂။ သဗ္ဗေ ပါဏာ = သက်ရှိသတ္တဝါအားလုံး၊

၃။ သဗ္ဗေ ဘူတာ = ဘဝ၌ ဖြစ်ပေါ်လာသော သတ္တဝါအားလုံး၊

၄။ သဗ္ဗေ ပုဂ္ဂလာ = ပုဂ္ဂိုလ်အားလုံး၊

၅။ သဗ္ဗေ အတ္တဘာဝပရိယာပန္နာ = ခန္ဓာကိုယ်ထင်ရှားရှိသော ပုဂ္ဂိုလ်သတ္တဝါအားလုံး၊
၆။ သဗ္ဗာ ဣတ္ထိယော = မိန်းမ (အမသတ္တဝါ) အားလုံး၊
၇။ သဗ္ဗေ ပုရိသာ = ယောကျ်ား (အထီးသတ္တဝါ) အားလုံး၊
၈။ သဗ္ဗေ အရိယာ = အရိယာပုဂ္ဂိုလ်အားလုံး၊
၉။ သဗ္ဗေ အနရိယာ = အရိယာမဖြစ်သေးသော ပုထုဇဉ် ပုဂ္ဂိုလ် သတ္တဝါအားလုံး၊
၁၀။ သဗ္ဗေ ဒေဝါ = နတ်, ဗြဟ္မာအားလုံး၊
၁၁။ သဗ္ဗေ မနုဿာ = လူသားအားလုံး၊
၁၂။ သဗ္ဗေ ဝိနိပါတိကာ = (ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ်ဟု ဆိုအပ်သော)အပါယ်လေးဘုံသား သတ္တဝါအားလုံး။

## န္တု (တု) လေးချက်

ဤသို့ ပုဂ္ဂိုလ်အုပ်စု (၁၂)စုကို သိရှိမှတ်သားပြီးနောက် ထိုပုဂ္ဂိုလ် (၁၂)စုတို့ကို တစ်စုတစ်ခုလျှင် န္တု (တု) လေးချက်နှင့် ယှဉ်စပ်၍ ပွားရပါမည်။ ထို န္တု (တု)လေးချက်ကိုလည်း ပါဠိ+မြန်မာ နှစ်ဘာသာတွဲဖက်၍ မှတ်သားလေ့ကျက်ရပါမည်၊ ပွားများပို့လွှတ်ရပါမည်။

ယင်း န္တု (တု) လေးချက်မှာ –

၁။ အဝေရာ ဟောန္တု = ရန်ကင်းကြပါစေ၊
၂။ အဗျာပဇ္ဇာ ဟောန္တု = စိတ်ဆင်းရဲ ကင်းကြပါစေ၊
၃။ အနီဃာ ဟောန္တု = ကိုယ်ဆင်းရဲ ကင်းကြပါစေ၊

၄။ သုခီ အတ္တာနံ ပရိဟရန္တု = မိမိခန္ဓာကိုယ်ကို ချမ်းသာအောင် (ချမ်းသာစွာ) ရွက်ဆောင်နိုင်ကြပါစေ။

## ပုဂ္ဂိုလ် (၁၂) စုနှင့် န္တုလေးချက်

ဤသို့ ပုဂ္ဂိုလ် (၁၂)စုနှင့် န္တုလေးချက်ကို မှတ်သားပြီးနောက် ပုဂ္ဂိုလ်တစ်စုတစ်စုကို – "အဝေရာ ဟောန္တု"စသော န္တုလေးချက်နှင့် ယှဉ်တွဲပြီး မေတ္တာပို့ရပါသည်။

## မေတ္တာပို့ပုံ

(က) သဗ္ဗေ သတ္တာ (သတ္တဝါအားလုံးတို့သည်)

၁။ အဝေရာ ဟောန္တု = ရန်ကင်းကြပါစေ၊
၂။ အဗျာပဇ္ဈာ ဟောန္တု = စိတ်ဆင်းရဲ ကင်းကြပါစေ၊
၃။ အနီဃာ ဟောန္တု = ကိုယ်ဆင်းရဲ ကင်းကြပါစေ၊
၄။ သုခီ အတ္တာနံ ပရိဟရန္တု = မိမိခန္ဓာကိုယ်ကို ချမ်းသာအောင် (ချမ်းသာစွာ) ရွက်ဆောင်နိုင်ကြပါစေ။ (လေးချက်)

(ခ) သဗ္ဗေ ပါဏာ (သက်ရှိသတ္တဝါ အားလုံးတို့သည်)

၁။ အဝေရာ ဟောန္တု = ရန်ကင်းကြပါစေ၊
၂။ အဗျာပဇ္ဈာ ဟောန္တု = စိတ်ဆင်းရဲ ကင်းကြပါစေ၊
၃။ အနီဃာ ဟောန္တု = ကိုယ်ဆင်းရဲ ကင်းကြပါစေ၊
၄။ သုခီ အတ္တာနံ ပရိဟရန္တု = မိမိခန္ဓာကိုယ်ကို ချမ်းသာအောင် (ချမ်းသာစွာ) ရွက်ဆောင်နိုင်ကြပါစေ။ (လေးချက်)

(ဂ) သဗ္ဗေ ဘူတာ (ကိုယ်ထင်ရှားရှိသော သတ္တဝါအားလုံးတို့သည်)

၁။ အဝေရာ ဟောန္တု = ရန်ကင်းကြပါစေ၊

၂။ အဗျာပဇ္ဈာ ဟောန္တု = စိတ်ဆင်းရဲ ကင်းကြပါစေ၊

၃။ အနီဃာ ဟောန္တု = ကိုယ်ဆင်းရဲ ကင်းကြပါစေ၊

၄။ သုခီ အတ္တာနံ ပရိဟရန္တု = မိမိခန္ဓာကိုယ်ကို ချမ်းသာအောင် (ချမ်းသာစွာ) ရွက်ဆောင်နိုင်ကြပါစေ။ (လေးချက်)

(ဃ) သဗ္ဗေ ပုဂ္ဂလာ (ပုဂ္ဂိုလ်သတ္တဝါ အားလုံးတို့သည်)

၁။ အဝေရာ ဟောန္တု = ရန်ကင်းကြပါစေ၊

၂။ အဗျာပဇ္ဈာ ဟောန္တု = စိတ်ဆင်းရဲ ကင်းကြပါစေ၊

၃။ အနီဃာ ဟောန္တု = ကိုယ်ဆင်းရဲ ကင်းကြပါစေ၊

၄။ သုခီ အတ္တာနံ ပရိဟရန္တု = မိမိခန္ဓာကိုယ်ကို ချမ်းသာအောင် (ချမ်းသာစွာ) ရွက်ဆောင်နိုင်ကြပါစေ။ (လေးချက်)

(င) သဗ္ဗေ အတ္တဘာဝပရိယာပန္နာ (ခန္ဓာကိုယ်ရှိကြသော သတ္တဝါအားလုံးတို့သည်)

၁။ အဝေရာ ဟောန္တု = ရန်ကင်းကြပါစေ၊

၂။ အဗျာပဇ္ဈာ ဟောန္တု = စိတ်ဆင်းရဲ ကင်းကြပါစေ၊

၃။ အနီဃာ ဟောန္တု = ကိုယ်ဆင်းရဲ ကင်းကြပါစေ၊

၄။ သုခီ အတ္တာနံ ပရိဟရန္တု = မိမိခန္ဓာကိုယ်ကို ချမ်းသာအောင် (ချမ်းသာစွာ) ရွက်ဆောင်နိုင်ကြပါစေ။ (လေးချက်)

(စ) သဗ္ဗာ ဣတ္ထိယော (မိန်းမ (အမသတ္တဝါ) အားလုံးတို့သည်)

၁။ အဝေရာ ဟောန္တု = ရန်ကင်းကြပါစေ၊
၂။ အဗျာပဇ္ဇာ ဟောန္တု = စိတ်ဆင်းရဲ ကင်းကြပါစေ၊
၃။ အနီဃာ ဟောန္တု = ကိုယ်ဆင်းရဲ ကင်းကြပါစေ၊
၄။ သုခီ အတ္တာနံ ပရိဟရန္တု = မိမိခန္ဓာကိုယ်ကို ချမ်းသာအောင် (ချမ်းသာစွာ) ရွက်ဆောင်နိုင်ကြပါစေ။ (လေးချက်)

(ဆ) သဗ္ဗေ ပုရိသာ (ယောကျာ်း (အထီးသတ္တဝါ) အားလုံးတို့သည်)

၁။ အဝေရာ ဟောန္တု = ရန်ကင်းကြပါစေ၊
၂။ အဗျာပဇ္ဇာ ဟောန္တု = စိတ်ဆင်းရဲ ကင်းကြပါစေ၊
၃။ အနီဃာ ဟောန္တု = ကိုယ်ဆင်းရဲ ကင်းကြပါစေ၊
၄။ သုခီ အတ္တာနံ ပရိဟရန္တု = မိမိခန္ဓာကိုယ်ကို ချမ်းသာအောင် (ချမ်းသာစွာ) ရွက်ဆောင်နိုင်ကြပါစေ။ (လေးချက်)

(ဇ) သဗ္ဗေ အရိယာ (အရိယာပုဂ္ဂိုလ်အားလုံးတို့သည်)

၁။ အဝေရာ ဟောန္တု = ရန်ကင်းကြပါစေ၊
၂။ အဗျာပဇ္ဇာ ဟောန္တု = စိတ်ဆင်းရဲ ကင်းကြပါစေ၊
၃။ အနီဃာ ဟောန္တု = ကိုယ်ဆင်းရဲ ကင်းကြပါစေ၊
၄။ သုခီ အတ္တာနံ ပရိဟရန္တု = မိမိခန္ဓာကိုယ်ကို ချမ်းသာအောင် (ချမ်းသာစွာ) ရွက်ဆောင်နိုင်ကြပါစေ။ (လေးချက်)

(ဈ) သဗ္ဗေ အနရိယာ (ပုထုဇဉ်ပုဂ္ဂိုလ်အားလုံးတို့သည်)

၁။ အဝေရာ ဟောန္တု = ရန်ကင်းကြပါစေ၊
၂။ အဗျာပဇ္ဇာ ဟောန္တု = စိတ်ဆင်းရဲ ကင်းကြပါစေ၊
၃။ အနီဃာ ဟောန္တု = ကိုယ်ဆင်းရဲ ကင်းကြပါစေ၊
၄။ သုခီ အတ္တာနံ ပရိဟရန္တု = မိမိခန္ဓာကိုယ်ကို ချမ်းသာအောင် (ချမ်းသာစွာ) ရွက်ဆောင်နိုင်ကြပါစေ။ (လေးချက်)

(ည) သဗ္ဗေ ဒေဝါ (နတ်, ဗြဟ္မာ အားလုံးတို့သည်)

၁။ အဝေရာ ဟောန္တု = ရန်ကင်းကြပါစေ၊
၂။ အဗျာပဇ္ဇာ ဟောန္တု = စိတ်ဆင်းရဲ ကင်းကြပါစေ၊
၃။ အနီဃာ ဟောန္တု = ကိုယ်ဆင်းရဲ ကင်းကြပါစေ၊
၄။ သုခီ အတ္တာနံ ပရိဟရန္တု = မိမိခန္ဓာကိုယ်ကို ချမ်းသာအောင် (ချမ်းသာစွာ) ရွက်ဆောင်နိုင်ကြပါစေ။ (လေးချက်)

(ဋ) သဗ္ဗေ မနုဿာ (လူသားအားလုံးတို့သည်)

၁။ အဝေရာ ဟောန္တု = ရန်ကင်းကြပါစေ၊
၂။ အဗျာပဇ္ဇာ ဟောန္တု = စိတ်ဆင်းရဲ ကင်းကြပါစေ၊
၃။ အနီဃာ ဟောန္တု = ကိုယ်ဆင်းရဲ ကင်းကြပါစေ၊
၄။ သုခီ အတ္တာနံ ပရိဟရန္တု = မိမိခန္ဓာကိုယ်ကို ချမ်းသာအောင် (ချမ်းသာစွာ) ရွက်ဆောင်နိုင်ကြပါစေ။ (လေးချက်)

(၅) သဗ္ဗေ ဝိနိပါတိကာ (အပါယ်လေးဘုံသား အားလုံးတို့သည်)

၁။ အဝေရာ ဟောန္တု = ရန်ကင်းကြပါစေ၊

၂။ အဗျာပဇ္ဇာ ဟောန္တု = စိတ်ဆင်းရဲ ကင်းကြပါစေ၊

၃။ အနီဃာ ဟောန္တု = ကိုယ်ဆင်းရဲ ကင်းကြပါစေ၊

၄။ သုခီ အတ္တာနံ ပရိဟရန္တု = မိမိခန္ဓာကိုယ်ကို ချမ်းသာအောင် (ချမ်းသာစွာ) ရွက်ဆောင်နိုင်ကြပါစေ။ (လေးချက်)

ပုဂ္ဂိုလ် (၁၂)ယောက်ကို န္တု လေးချက်ဖြင့် မြှောက်သော် (၁၂×၄ =) စုစုပေါင်း (၄၈)ပါးရ၏။ မေတ္တာပေါင်း (၄၈)ပါးရသည်။

## ဩဓိသမေတ္တာ+အနောဓိသမေတ္တာ

ဩဓိသမေတ္တာဆိုသည်မှာ အပိုင်းအခြား အကန့်အသတ်ထား၍ ပွားအပ်သော မေတ္တာဖြစ်၏။ စာပေကျမ်းဂန်တို့၌ "ဩဓိသော ဖရဏ မေတ္တာ"ဟု ပြသော်လည်း မြန်မာများက "ဩဓိသမေတ္တာ"ဟု အလွယ်တကူ ခေါ်တတ်ကြပေသည်။ (အချို့က ဩဒိဿမေတ္တာ ဟုပင် လွဲလွဲမှားမှား ခေါ်နေကြသည်လည်း ရှိသည်။)

အပိုင်းအခြား အကန့်အသတ် မထားဘဲ အားလုံးအပေါ် ဖြန့်လွှမ်း၍ ပို့အပ်သော မေတ္တာကို "အနောဓိသောဖရဏမေတ္တာ"ဟု ခေါ်သည်။

ဆိုခဲ့ပြီးသော ပုဂ္ဂိုလ် (၁၂)စုတွင် (၁)မှ (၅)အထိ ပုဂ္ဂိုလ်များကို စိတ်အာရုံညွှတ်၍ ပွားအပ်သော မေတ္တာကို အနောဓိသော

ဖရဏာမေတ္တာဟု ခေါ်သည်။ "သဗ္ဗေ သတ္တာ"ဟု ဆိုလျှင် သတ္တဝါ အားလုံးပါ၏။ ထို့အတူ "သဗ္ဗေ ပါဏာ၊ သဗ္ဗေ ဘူတာ၊ သဗ္ဗေ ပုဂ္ဂလာ၊ သဗ္ဗေ အတ္တဘာဝပရိယာပန္နာ"ဟု ဆိုလျှင်လည်း သတ္တဝါ အားလုံးပါ၏။

ဤသို့ အကန့်အသတ်မထားဘဲ သတ္တဝါအားလုံးအပေါ် ဖြန့်လွှမ်း၍ ပွားအပ်သော မေတ္တာဖြစ်သောကြောင့် "အနောဓိသော ဖရဏာမေတ္တာ" (အများအခေါ်အားဖြင့် အနောဓိသမေတ္တာ=အနော ဒိဿမေတ္တာ)ဟု ခေါ်သည်။

ထို့ကြောင့် ထိုအနောဓိသပုဂ္ဂိုလ် ငါးမျိုးကို ဖြန့်လွှမ်း၍ ပို့ အပ်သော မေတ္တာကို နှုလေးချက်ဖြင့် မြှောက်လျှင် (၅ × ၄ = ၂၀) အနောဓိသမေတ္တာ (၂၀) ရသည်။

"သဗ္ဗာ ဣတ္ထိယော အဝေရာ ဟောန္တု = မိန်းမ (အမ သတ္တဝါ) အားလုံး ဘေးရန်ကင်းကြပါစေ"ဟု ပို့လျှင် ယောကျ်ား (အထီးသတ္တဝါ)တွေ ကျန်နေ၏။

ထို့အတူ သဗ္ဗေ ပုရိသာ = ယောကျ်ား (အထီးသတ္တဝါ) အားလုံး"ဟု ဆိုလျှင် အမသတ္တဝါတွေ ကျန်နေပြန်၏။

ထို့ကြောင့် ပုဂ္ဂိုလ် (၁၂)စုအနက် (နံပါတ် (၆)မှ နံပါတ် (၁၂)အထိ ခုနစ်ယောက်ကို အာရုံပြု၍ ပို့လွှတ်အပ်သော မေတ္တာ သည် အပိုင်းအခြား အကန့်အသတ်ရှိသောကြောင့် "ဩဓိသော ဖရဏာမေတ္တာ" (ဩဒိဿမေတ္တာ) မည်၏။

ထိုပုဂ္ဂိုလ် ခုနစ်မျိုးကို "သဗ္ဗာ ဣတ္ထိယော အဝေရာ ဟောန္တု၊ အဗျာပဇ္ဈာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု" စသည်ဖြင့် (နှုလေးခုဖြင့် ပွားများလျှင် (၇×၄=၂၈) မေတ္တာပေါင်း

(၂၈) မေတ္တာရ၏။ ဤ (၂၈)ပါးကို သြဒိသောဖရဏာမေတ္တာ (သြဒိဿမေတ္တာ)ဟု ခေါ်သည်။

ထို့ကြောင့် အရပ်မျက်နှာမပါဘဲ ရိုးရိုးပွားလျှင် အနောဓိသော ဖရဏာမေတ္တာ ၂၀၊ သြဒိသောဖရဏာမေတ္တာ (၂၈)၊ နှစ်ခုပေါင်းလိုက်လျှင် (၄၈)ဖြစ်သည်။ အရပ်မျက်နှာ မပါဘဲ ရိုးရိုးပွားအပ်သော ဤမေတ္တာ (၄၈)ပါးကို ရှေးဦးစွာ မှတ်ခဲ့ပါ။

## အရပ် (၁၀)မျက်နှာ

အရပ် (၁၀)မျက်နှာသရုပ်ကို မေတ္တာသုတ်၌ ပြခဲ့ပြီးဖြစ်သည်။ ဤနေရာ၌ ထပ်မံ၍ ပြပါဦးမည်။

၁။ ပုရတ္ထိမာယ ဒိသာယ (အရှေ့အရပ်)
၂။ ပစ္ဆိမာယ ဒိသာယ (အနောက်အရပ်)
၃။ ဥတ္တရာယ ဒိသာယ (မြောက်အရပ်)
၄။ ဒက္ခိဏာယ ဒိသာယ (တောင်အရပ်)
၅။ ပုရတ္ထိမာယ အနုဒိသာယ (အရှေ့တောင်ထောင့်အရပ်)
၆။ ပစ္ဆိမာယ အနုဒိသာယ (အနောက်မြောက်ထောင့်အရပ်)
၇။ ဥတ္တရာယ အနုဒိသာယ (အရှေ့မြောက်ထောင့်အရပ်)
၈။ ဒက္ခိဏာယ အနုဒိသာယ (အနောက်တောင်ထောင့်အရပ်)
၉။ ဟေဋ္ဌိမာယ ဒိသာယ (အောက်အရပ်)
၁၀။ ဥပရိမာယ ဒိသာယ (အထက်အရပ်)

ပဋိသမ္ဘိဒါမဂ်၌ အရပ် (၁၀)မျက်နှာကို ဤကဲ့သို့ ရေတွက်သည်၊ တူရူတည့်တည့်အရပ် လေးခု၊ ထောင့်အရပ်လေးခု၊ အောက်အရပ်၊ အထက်အရပ်ဟု မှတ်ရမည်။ (အမှတ်ရလွယ်အောင် ပုရတ္ထိမာယ ဒိသာယ–ဟု လွယ်လွယ်ပင် ပြလိုက်ပါသည်။)

ထိုအရပ်မျက်နှာ (၁၀)ခုအနက် တစ်ခုတစ်ခု၌ ဖော်ပြခဲ့ပြီးသော မေတ္တာ (၄၈)ပါးကို ဖြန့်လွှမ်းပို့သလျှင် အရပ်မျက်နှာ တစ်ခုတစ်ခု၌ မေတ္တာပေါင်း (၄၈) မေတ္တာရသည်။

အရှေ့အရပ်တစ်ခုကို အပြည့်အစုံ ဖော်ပြပေးပါမည်၊ ကျန်အရပ်မျက်နှာတို့ကို အကျဉ်းချုံးပြီး ပြပါမည်။

၁။ ပုရတ္ထိမာယ ဒိသာယ <u>သဗ္ဗေ သတ္တာ</u> အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။

* အရှေ့အရပ်၌ ရှိကြကုန်သော သတ္တဝါမှန်သမျှတို့သည်

၁။ ဘေးရန်ကင်းကြပါစေ၊
၂။ စိတ်ဆင်းရဲကင်းကြပါစေ၊
၃။ ကိုယ် ဆင်းရဲ ကင်းကြပါစေ၊
၄။ မိမိခန္ဓာကိုယ်ကို ချမ်းသာအောင် ရွက်ဆောင်နိုင်ကြပါစေ။) (လေးချက်)

၂။ ပုရတ္ထိမာယ ဒိသာယ <u>သဗ္ဗေ ပါဏာ</u> အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။

* အရှေ့အရပ်၌ ရှိကြကုန်သော သက်ရှိသတ္တဝါ မှန်သမျှ တို့သည်

၁။ ဘေးရန်ကင်းကြပါစေ၊
၂။ စိတ်ဆင်းရဲကင်းကြပါစေ၊
၃။ ကိုယ် ဆင်းရဲ ကင်းကြပါစေ၊
၄။ မိမိခန္ဓာကိုယ်ကို ချမ်းသာအောင် ရွက်ဆောင်နိုင်ကြ ပါစေ။ (လေးချက်)

၃။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ ဘူတာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဈာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။

* အရှေ့အရပ်၌ ရှိကြကုန်သော ခန္ဓာဖြစ်ပေါ်လာသော သတ္တဝါတို့သည်

၁။ ဘေးရန်ကင်းကြပါစေ၊
၂။ စိတ်ဆင်းရဲကင်းကြပါစေ၊
၃။ ကိုယ် ဆင်းရဲ ကင်းကြပါစေ၊
၄။ မိမိခန္ဓာကိုယ်ကို ချမ်းသာအောင် ရွက်ဆောင်နိုင်ကြ ပါစေ။ (လေးချက်)

၄။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ ပုဂ္ဂလာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဈာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။

* အရှေ့အရပ်၌ ရှိကြကုန်သော ပုဂ္ဂိုလ်အားလုံးတို့သည်

၁။ ဘေးရန်ကင်းကြပါစေ၊
၂။ စိတ်ဆင်းရဲကင်းကြပါစေ၊
၃။ ကိုယ် ဆင်းရဲ ကင်းကြပါစေ၊
၄။ မိမိခန္ဓာကိုယ်ကို ချမ်းသာအောင် ရွက်ဆောင်နိုင်ကြပါစေ။ (လေးချက်)

၅။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ အတ္တဘာဝပရိယာပန္နာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။

* အရှေ့အရပ်၌ ရှိကြကုန်သော ခန္ဓာကိုယ်ထင်ရှားရှိသော ပုဂ္ဂိုလ်သတ္တဝါမှန်သမျှတို့သည် –

၁။ ဘေးရန်ကင်းကြပါစေ၊
၂။ စိတ်ဆင်းရဲကင်းကြပါစေ၊
၃။ ကိုယ် ဆင်းရဲ ကင်းကြပါစေ၊
၄။ မိမိခန္ဓာကိုယ်ကို ချမ်းသာအောင် ရွက်ဆောင်နိုင်ကြပါစေ။ (လေးချက်)

၆။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗာ ဣတ္ထိယော အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။

* အရှေ့အရပ်၌ ရှိကြကုန်သော မိန်းမ (အမသတ္တဝါ) မှန်သမျှတို့သည် –

၁။ ဘေးရန်ကင်းကြပါစေ၊

၂။ စိတ်ဆင်းရဲကင်းကြပါစေ၊

၃။ ကိုယ် ဆင်းရဲ ကင်းကြပါစေ၊

၄။ မိမိခန္ဓာကိုယ်ကို ချမ်းသာအောင် ရွက်ဆောင်နိုင်ကြပါစေ။ (လေးချက်)

၇။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ ပုရိသာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။

* အရှေ့အရပ်၌ ရှိကြကုန်သော ယောကျ်ား (အထီးသတ္တဝါ) အားလုံးတို့သည်

၁။ ဘေးရန်ကင်းကြပါစေ၊

၂။ စိတ်ဆင်းရဲကင်းကြပါစေ၊

၃။ ကိုယ်ဆင်းရဲ ကင်းကြပါစေ၊

၄။ မိမိခန္ဓာကိုယ်ကို ချမ်းသာအောင် ရွက်ဆောင်နိုင်ကြပါစေ။ (လေးချက်)

၈။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ အရိယာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။

* အရှေ့အရပ်၌ ရှိကြကုန်သော အရိယာပုဂ္ဂိုလ်အားလုံးတို့သည်

၁။ ဘေးရန်ကင်းကြပါစေ၊

၂။ စိတ်ဆင်းရဲကင်းကြပါစေ၊

၃။ ကိုယ် ဆင်းရဲ ကင်းကြပါစေ၊

၄။ မိမိခန္ဓာကိုယ်ကို ချမ်းသာအောင် ရွက်ဆောင်နိုင်ကြပါစေ။ (လေးချက်)

၉။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ အနရိယာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဈာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။

* အရှေ့အရပ်၌ ရှိကြကုန်သော ပုထုဇဉ်ပုဂ္ဂိုလ်အားလုံးတို့သည်

၁။ ဘေးရန်ကင်းကြပါစေ၊

၂။ စိတ်ဆင်းရဲကင်းကြပါစေ၊

၃။ ကိုယ် ဆင်းရဲ ကင်းကြပါစေ၊

၄။ မိမိခန္ဓာကိုယ်ကို ချမ်းသာအောင် ရွက်ဆောင်နိုင်ကြပါစေ။ (လေးချက်)

၁၀။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ ဒေဝါ အဝေရာ ဟောန္တု၊ အဗျာပဇ္ဈာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။

* အရှေ့အရပ်၌ ရှိကြကုန်သော နတ်, ဗြဟ္မာအားလုံးတို့သည်

၁။ ဘေးရန်ကင်းကြပါစေ၊

၂။ စိတ်ဆင်းရဲကင်းကြပါစေ၊

၃။ ကိုယ် ဆင်းရဲ ကင်းကြပါစေ၊

၄။ မိမိခန္ဓာကိုယ်ကို ချမ်းသာအောင် ရွက်ဆောင်နိုင်ကြပါစေ။ (လေးချက်)

၁၁။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ မနုဿာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဈာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။

* အရှေ့အရပ်၌ ရှိကြကုန်သော လူသားအားလုံးတို့သည်

၁။ ဘေးရန်ကင်းကြပါစေ၊
၂။ စိတ်ဆင်းရဲကင်းကြပါစေ၊
၃။ ကိုယ် ဆင်းရဲ ကင်းကြပါစေ၊
၄။ မိမိခန္ဓာကိုယ်ကို ချမ်းသာအောင် ရွက်ဆောင်နိုင်ကြပါစေ။ (လေးချက်)

၁၂။ ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ ဝိနိပါတိကာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဈာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။

* အရှေ့အရပ်၌ ရှိကြကုန်သော အပါယ်ဘုံသား အားလုံးတို့သည်

၁။ ဘေးရန်ကင်းကြပါစေ၊
၂။ စိတ်ဆင်းရဲကင်းကြပါစေ၊
၃။ ကိုယ် ဆင်းရဲ ကင်းကြပါစေ၊
၄။ မိမိခန္ဓာကိုယ်ကို ချမ်းသာအောင် ရွက်ဆောင်နိုင်ကြပါစေ။ (လေးချက်)

ဤသို့ဖြင့် အရှေ့အရပ်မျက်နှာနှင့် စပ်လျဉ်း၍ (၁၂×၄) မေတ္တာပေါင်း (၄၈)ပါးရသည်။

ထို့အတူ ကျန်အရပ် (၉)ပါးနှင့် စပ်လျဉ်း၍လည်း (၄၈)ပါး စီရသောကြောင့် (၄၈×၉) စုစုပေါင်း (၄၃၂)ပါး ရသည်။ အရပ် (၁၀)မျက်နှာပေါင်းလိုက်လျှင် (၁၀×၄၈) မေတ္တာပေါင်း (၄၈၀) ရသည်။

ဤ (၄၈၀) မှာ အရပ်မျက်နှာနှင့်စပ်၍ ရသော မေတ္တာဖြစ်၏။ ထို (၄၈၀)ကို အရပ်မျက်နှာနှင့် မစပ်သော မေတ္တာ (၄၈)ပါးနှင့် ပေါင်းသော် စုစုပေါင်း မေတ္တာ (၅၂၈)ပါးဖြစ်၏။

ဤကား ငါးရာ့နှစ်ဆယ် ရှစ်သွယ်မေတ္တာ (၅၂၈–မေတ္တာ) သရုပ်တည်း။

## အရပ် (၁၀)မျက်နှာ

အရပ် (၁၀)မျက်နှာကို ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ လာသည့်အတိုင်း အရှေ့အရပ်၊ အနောက်အရပ်၊ မြောက်အရပ်၊ တောင်အရပ်၊ အရှေ့တောင်ထောင့်အရပ်၊ အနောက်မြောက်ထောင့်အရပ်၊ အရှေ့မြောက်ထောင့်အရပ်၊ အနောက်တောင်ထောင့်အရပ်၊ အောက်အရပ်၊ အထက်အရပ်ဟု စဉ်ပြသည်။

၁။ အရှေ့အရပ်၊
၂။ အရှေ့တောင်ထောင့်အရပ်၊
၃။ တောင်အရပ်၊
၄။ အနောက်တောင်ထောင့်အရပ်၊
၅။ အနောက်အရပ်၊
၆။ အနောက်မြောက်ထောင့်အရပ်၊
၇။ မြောက်အရပ်၊

၈။ အရှေ့မြောက်ထောင့်အရပ်၊
၉။ အောက်အရပ်၊
၁၀။ အထက်အရပ် –ဟု စဉ်ပြီး ပွားများလျှင်လည်း ပွားများကောင်းသည်သာ။

ထို့ကြောင့်

၁။ ပုရတ္ထိမာယ ဒိသာယ – (အရှေ့အရပ်)
၂။ ပုရတ္ထိမာယ အနုဒိသာယ– (အရှေ့တောင်ထောင့်အရပ်)
၃။ ဒက္ခိဏာယ ဒိသာယ – (တောင်အရပ်)
၄။ ဒက္ခိဏာယ အနုဒိသာယ– (အနောက်တောင်ထောင့်အရပ်)
၅။ ပစ္ဆိမာယ ဒိသာယ – (အနောက်အရပ်)
၆။ ပစ္ဆိမာယ အနုဒိသာယ – (အနောက်မြောက်ထောင့်အရပ်)
၇။ ဥတ္တရာယ အနုဒိသာယ – (မြောက်အရပ်)
၈။ ဥတ္တရာယ အနုဒိသာယ – (အရှေ့မြောက်ထောင့်အရပ်)
၉။ ဟေဋ္ဌိမာယ ဒိသာယ – (အောက်အရပ်)
၁၀။ ဥပရိမာယ ဒိသာယ – (အထက်အရပ်)ဟု အရပ် (၁၀) မျက်နှာကို ဖြန့်လွှမ်းပြီး မေတ္တာပို့လိုက ပို့နိုင်ပါသည်။

## ၅၂၈–မေတ္တာ

(က) ပုဂ္ဂိုလ် ၁၂–ခုကိုတည်၊ နည်းလေးခုဖြင့် မြှောက်သော် (၄၈)ပါး ရ၏။
(ခ) ထို (၄၈)ပါးကို အရပ် (၁၀)မျက်နှာဖြင့် မြှောက်လျှင် (၄၈၀) ရ၏။

(ဂ) ထို (၄၈၀)ကို (က) ၌ ပြထားအပ်သော မေတ္တာ၊ (အရပ်မျက်နှာ မပါသောမေတ္တာ) ၄၈–နှင့် ပေါင်းသော် မေတ္တာပေါင်း (၅၂၈)ပါးရ၏။

ဆောင်ပုဒ်

၁။ ပုဂ္ဂိုလ် ၁၂–စု၊ တုလေးတု၊ မြှောက်မှု လေးရှစ်ပါ။
၂။ အရပ်ဆယ်ဝ၊ မြှောက်ပြန်က၊ လေးရာ့ရှစ်ဆယ်သာ။
၃။ မျက်နှာအရပ်၊ မသုံးသပ်၊ ရောလတ် လေးရှစ်ပါ။
၄။ ငါးရာ့နှစ်ဆယ်၊ ရှစ်စွန်းကယ်၊ မှတ်ဖွယ်အေးမေတ္တာ။
၅။ ပဋိသမ္ဘိဒါမဂ်၊ ပါဠိထွက်၊ ရေတွက်မှတ်သားပါ။

ဩဒိသဝိသောဖရဏာ မေတ္တာ စသည် –

ဤ (၅၂၈)ပါးသောမေတ္တာ၌ – ဩဒိဝိသောဖရဏာမေတ္တာပေါင်း – ၃၀၈ပါး။ အနောဝိသောဖရဏာမေတ္တာပေါင်း ၂၂၀ ပါး ပါဝင်၏။

ဩဒိဝိသောဖရဏာမေတ္တာ – ၃၀၈–ပါး

၁။ သဗ္ဗာ ဣတ္ထိယော၊ ၂။ သဗ္ဗေ ပုရိသာ၊ ၃။ သဗ္ဗေ အရိယာ၊ ၄။ သဗ္ဗေ အနရိယာ၊ ၅။ သဗ္ဗေ ဒေဝါ၊ ၆။ သဗ္ဗေ မနုဿာ၊ ၇။ သဗ္ဗေ ဝိနိပါတိကာ ဟူသော ခုနစ်ပါးကို အဝေရာ ဟောန္တု စသော န္တု–လေးပါးဖြင့် မြှောက်လျှင် ၂၈–ပါးရ၏။ ယင်း ၂၈–ပါးကို အရပ်ဆယ်မျက်နှာဖြင့် မြှောက်လျှင် ၂၈၀–ရ၏။ ထို ၂၈၀ နှင့် အရပ်မျက်နှာမပါ၊ မေတ္တာ ၂၈–ပါးတို့ ပေါင်းလျှင် (၂၈+၂၈၀) ၃၀၈–ပါးဖြစ်သည်။

ထို့ကြောင့်

(က) အရပ်မျက်နှာမပါ ဩဓိသောဖရဏမေတ္တာ ၂၈–ပါး၊

(ခ) အရပ်မျက်နှာပါသော ဩဓိသောဖရဏမေတ္တာ ၂၈၀ပါး ပေါင်း ၃၀၈–ပါးဟု မှတ်အပ်၏။

**အနောဓိသောဖရဏမေတ္တာ – ၂၂၀–ပါး**

၁။ သဗ္ဗေ သတ္တာ၊ ၂။ သဗ္ဗေ ပါဏာ၊ ၃။ သဗ္ဗေ ဘူတာ၊ ၄။ သဗ္ဗေ ပုဂ္ဂလာ၊ ၅။ သဗ္ဗေ အတ္တဘာဝပရိယာပန္နာ ဟူသော ငါးပါးကို နှ–လေးခုဖြင့် မြှောက်လျှင် (၅ × ၄) ၂၀–ဖြစ်၏။

ယင်း (၂၀)ကို အရပ်ဆယ်မျက်နှာဖြင့် မြှောက်ပွားလျှင် ၂၀၀ ရ၏။ ထို ၂၀၀ နှင့် ၂၀–ကို ပေါင်းသော် ၂၂၀ ဖြစ်၏။

ထို့ကြောင့် –

(က) အရပ်မျက်နှာမပါ အနောဓိသောဖရဏမေတ္တာ ၂၀။

(ခ) အရပ်မျက်နှာပါသော အနောဓိသောဖရဏမေတ္တာ ၂၀၀။ ပေါင်း အနောဓိသောဖရဏမေတ္တာပေါင်း ၂၂၀–ဟု မှတ်အပ်၏။

**ဒိသာဖရဏမေတ္တာ**

ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု – စသည်ဖြင့် အရပ်ဆယ်မျက်နှာလုံးကို ဖြန့်လွှမ်းပို့လွှတ်အပ်သော မေတ္တာကို "ဒိသာဖရဏမေတ္တာ"ဟု ခေါ်၏။ အရပ်မျက်နှာမပါဘဲ "သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု"စသည်ဖြင့် ပွားများအပ်သော မေတ္တာကို "အဒိသာဖရဏမေတ္တာ"ဟု ခေါ်၏။

ထို့ကြောင့် ဤ (၅၂၈)ပါးသော မေတ္တာတို့တွင် -
(၁) ဒိသာဖရဏာမေတ္တာ ၄၈၀-ပါး၊
(၂) အဒိသာဖရဏာမေတ္တာ ၄၈-ပါး ပါဝင်သည်ဟု မှတ်ပါလေ။

ဤမျှဖြင့် ပဋိသမ္ဘိဒါမဂ်ပါဠိတော်နှင့် ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာတို့၌ ပြအပ်သော "ငါးရာ့နှစ်ဆယ် ရှစ်သွယ်မေတ္တာ"ကို ပြအပ်ပေပြီ။

ဤငါးရာ့နှစ်ဆယ် ရှစ်သွယ်မေတ္တာ ပွားများနည်းကို နည်းမှီ၍ မေတ္တာသုတ္တန်လာ မေတ္တာတို့ကို အကျယ်ပြသည့်နည်းကိုလည်း ပြဆိုအပ်ပြီးပြီဖြစ်သည်။ ထိုအကြောင်းများကို မရေးတော့ဘဲ မေတ္တာအကျိုးများကိုသာ အနည်းငယ်ထုတ်နုတ်၍ ဖော်ပြလိုက်ပါသည်။

* * * *

## မေတ္တာပွားကျိုး အမျိုးမျိုး

မေတ္တာအကျိုး (၁၁)မျိုးကို အင်္ဂုတ္တရပါဠိတော် ကောဒသကနိပါတ်၌ ပြဆိုထားသည်။ ယင်းတို့ကို အကျဉ်းမျှ ပြပါဦးမည်။

**မေတ္တာပွားကျိုး (၁၁)မျိုး**

၁။ သုခံ သုပတိ = ချမ်းသာစွာ အိပ်စက်ရ၏။
၂။ သုခံ ပဋိဗုဇ္ဈတိ = ချမ်းသာစွာ အိပ်ရာမှ နိုးရ၏။
၃။ န ပါပကံ သုပိနံ ပဿတိ = အိပ်မက်ဆိုးတို့ကို မမက်။
၄။ မနုဿာနံ ပိယော ဟောတိ = လူချစ်လူခင် ပေါ်များ၏။

၅။ ဒေဝတာနံ ပိယော ဟောတိ = နတ်တွေက ချစ်ခင်၏။
၆။ ဒေဝတာ အနုရက္ခန္တိ = နတ်ကောင်း နတ်မြတ်တို့က အမြဲ စောင့်ရှောက်ကုန်၏။
၇။ နာဿ အဂ္ဂိ ဝါ ဝိသံ ဝါ သတ္ထံ ကမတိ = မီးဘေး, အဆိပ် ဘေး, လက်နက်ဘေးတို့မှ ကင်းဝေးရ၏။
၈။ တုဝဋံ စိတ္တံ သမာဓိယတိ = တရားအားထုတ်လျှင် သမာဓိ မြန်မြန်ရ၏။
၉။ မုခဝဏ္ဏော ဝိပ္ပသီဒတိ = မျက်နှာအဆင်း ကြည်လင်ဝင်းပ၏။
၁၀။ အသမ္မူဠော ကာလံ ကရောတိ = သေသည့်အခါ မတွေ မဝေ (စိတ်ကြည်လင် ဝမ်းသာစွာဖြင့်) သေရ၏။
၁၁။ (မဂ္ဂမပ္ပဋိဝိဇ္ဈန္တော) ဗြဟ္မလောကူပဂေါ ဟောတိ = မဂ် ဖိုလ် မရဘဲ သေလျှင် ဗြဟ္မာ့ပြည်သို့ လားရောက်ရ၏။

ဂါထာ

၁။ ယော နိစ္စံ မေတ္တံ ဘာဝေတိ၊ သဗ္ဗလောကသုဝလ္လဘံ။
သော သုခံ သုတ္တော ပဗုဒ္ဓေါ၊ ဒုဿုပိနံ န ပဿတိ။
၂။ ပိယော ဒေဝမနုဿာနံ၊ အနုရက္ခန္တိ ဒေဝတာ။
န ဖုသေ ဝိသံ သတ္ထံ ဝါ၊ ခိပ္ပံ တိဋ္ဌေ သမာဓိ စ။
၃။ ပသီဒတိ မုခဝဏ္ဏော၊ အသမ္မူဠော စ မီယတေ။
ဥဒ္ဒံ အပ္ပဋိဝိဇ္ဈန္တော၊ ဗြဟ္မလောကပရာယဏော။
၄။ တသ္မာဟိ ပဏ္ဍိတော ပါသော၊ သမ္ပဿံ အတ္ထမတ္တနော။
ဒေါသနာသံ လောကသာမံ၊ ဘာဝေထ နံ ပုနပ္ပုနံ။

**အနက်**

၁။ ယော–အကြင်ပုဂ္ဂိုလ်သည်၊ သဗ္ဗလောကသုဝလ္လဘံ–တစ်လောကလုံးနှင့် ချစ်ကျွမ်းဝင်စေတတ်သော၊ မေတ္တံ–မေတ္တာနှင့်ယှဉ်သောစိတ်ကို၊ (ဝါ) မေတ္တာဘာဝနာကို၊ နိစ္စံ–အမြဲတမ်း၊ ဘာဝေတိ–အကြိမ်ကြိမ်အဖန်ဖန် အချိန်မှန်ဝတ်ထား၍ ပွားများတတ်ပါပေ၏။ သော–ထိုမေတ္တာအမြဲပွားသောပုဂ္ဂိုလ်သည်၊ သုခံ–ချမ်းသာစွာ၊ သုပ္ပတိ–အိပ်စက်ရပါပေ၏၊ သုခံ–ချမ်းသာစွာ၊ ပဗုဇ္ဈတိ–နိုးထရပါပေ၏၊ ဒုဿုပိနံ–အိပ်မက်ဆိုးကို၊ န ပဿတိ–မမြင်မမက်ရပါပေ။

၂။ ဒေဝမနုဿာနံ–များစွာသော နတ်လူတို့က၊ ပိယော–ချစ်ခင်လေးမြတ် မြတ်နိုးအပ်သည်၊ (ဒေဝမနုဿာနံ–နတ်လူတို့၏၊ ပိယော–ချစ်ခင်မြတ်နိုးမှုကို ခံရသည်) ဟောတိ–ဖြစ်ပါပေ၏။ ဒေဝတာ–နတ်ကောင်းနတ်မြတ်တို့သည်၊ (နံ–မေတ္တာအမြဲပွားများ၍ နေသော ထိုပုဂ္ဂိုလ်ကို။) အနုရက္ခန္တိ–ဘေးရန်ကင်းပျောက် ချမ်းသာရောက်အောင် အမြဲတမ်း စောင့်ရှောက်ကြပါပေကုန်၏။ (ပရဿ–ရန်သူဖြစ်အောင် သူတစ်ပါး၏၊) ဝိသံ ဝါ–အဆိပ်သည် လည်းကောင်း၊ သတ္ထံ ဝါ–ဓား, လှံ, သေနတ်စသော လက်နက်သည်လည်းကောင်း၊ (အဂ္ဂိ ဝါ–မီးသည်လည်းကောင်း)၊ (တံ–မေတ္တာပွားနေသော ထိုပုဂ္ဂိုလ်သို့)၊ န ဖုသေ–မထိမရောက် မထွင်းဖောက်နိုင်ပါပေ။ သမာဓိ စ–သမာဓိသည်လည်း၊ ခိပ္ပံ–လျင်မြန်စွာ၊ တိဋ္ဌေ–တည်လာနိုင်ပါပေ၏။

၃။ မုခဝဏ္ဏော–မျက်နှာအဆင်းသည်လည်း၊ ပသီဒတိ–အလွန့်အလွန် ကြည်လင်နေတတ်ပါပေ၏၊ (ကာလက်တေ–သေခါနီးရောက်

လတ်သော်)၊ အသမ္မုဠှော–မတွေမဝေ ကြည်ကြည်လင်လင် ချမ်းချမ်းသာသာ၊ မိယတေ–သေရပါပေ၏၊ ဥဒ္ဓံ–အထက်တန်းစား မင်္ဂဖိုလ်တရားကို၊ အပ္ပဋိဝိဇ္ဈန္တော–သိမြင်ထွင်းဖောက် မျက်မှောက်မပြုနိုင်သည့်ရှိသော်၊ ဗြဟ္မလောကပရာယဏော–ဗြဟ္မာ့ပြည်သို့ လားရောက်ရသည့်၊ ဟောတိ–ဖြစ်ပါပေ၏။

၄။ တသ္မာ ဟိ တသ္မာ ဝေ–ထိုသို့အကျိုးစီးပွား များပြားလှသည့်၏အဖြစ်ကြောင့်၊ အတ္တနော–မိမိ၏၊ အတ္ထံ–ချမ်းသာကောင်းကျိုး အမျိုးမျိုးကို၊ သမ္ပဿံ သမ္ပဿန္တော–ကောင်းစွာသိမြင်သော၊ ပဏ္ဍိတော–ကောင်းဆိုးနှစ်တန် ကြောင်းကျိုးမှန်ကို ဝေဖန်သိမြင်ပညာရှင်ဖြစ်ပေသော၊ ပေါသော–အမျိုးကောင်းသား/သမီးသည်၊ ဒေါသနာသံ–ခန္တီ၏ရန်၊ ဒေါသမာန်ကို၊ တွန်းလှန်ချေမှုန်း၊ အထက်မြက်ဆုံးဖြစ်ပေထသော၊ လောကသာမံ–ကိုယ်စိတ်ချမ်းအေး၊ ငြိမ်းချမ်းရေးကို၊ မနှေးအမြန်၊ ရကြောင်းမှန်ပေသော၊ နံ–အပေါင်းသတ္တဝါ၊ အေးချမ်းသာဖို့၊ လွန်စွာလိုလား၊ ထိုမေတ္တာတရားကို၊ ပုနပ္ပုနံ–အဖန်ဖန် အထပ်ထပ်သာလျှင်၊ ဘာဝေထ ဘာဝေယျာထ–အကျိုးမြော်မြင်၊ ဉာဏ်နှင့်ယှဉ်၍၊ အစဉ်မကွာ၊ ကောင်းစွာမသွေ၊ ပွားများသင့်ပါပေသတည်း။

## မြန်မာလင်္ကာ

* အိပ်လည်းချမ်းသာ၊ နိုးချမ်းသာ၍၊ ယုတ်မာမမက်၊ နှစ်သက်လူနတ်၊ စောင့်လတ်နတ်များ၊ လှံ,ဓား,ဆိပ်ဘေး၊ လွန်ကင်းဝေ၏၊ မနှေးမြန်လှ၊ သမာဓိရ၍၊ ဝင်းပမျက်နှာ၊ သေခါကြည်လင်၊ ထက်ခွင်ဗြဟ္မာ၊ လားရောက်ရာသည် ... မေတ္တာပွားကျိုးဆယ့်တစ်တည်း။

ထို့အတူ အင်္ဂုတ္တရနိကာယ် သတ္တကနိပါတ်ပါဠိတော် မေတ္တာသုတ်၌လည်း အောက်ပါအတိုင်း မိန့်ကြားတော်မူပါသည်။

ချစ်သားတို့ ... ကုသိုလ်ကောင်းမှုကို မကြောက်ကြကုန်လင့်၊ ကုသိုလ်ကောင်းမှုဟူသည် ချမ်းသာသုခ အမျိုးမျိုး၏ အမည်ဖြစ်၏။

ချစ်သားတို့ ငါဘုရားသည် (အလောင်းတော်ဘဝက) ခုနစ်နှစ်ပတ်လုံး မေတ္တာဘာဝနာကို ပွားများခဲ့သဖြင့် လိုလားအပ် နှစ်သက်အပ် မြတ်နိုးအပ်သော ကောင်းကျိုးအမျိုးမျိုး ရရှိခဲ့သည်ကို ကောင်းကောင်းကြီး သိမြင်နေ၏။

ငါသည် ခုနစ်နှစ်ပတ်လုံး မေတ္တာဘာဝနာကို ပွားများခဲ့သောကြောင့် ကမ္ဘာပျက်သည့် သံဝဋ္ဋကပ် ခုနစ်ကပ်၊ ကမ္ဘာပြန်လည်ဖြစ်ပေါ်လာသည့် ဝိဝဋ္ဋကပ် ခုနစ်ကပ်ပတ်လုံး ဤလူ့ပြည် လောက၌ မဖြစ်ရဘဲ ကမ္ဘာပျက်သည့် (သံဝဋ္ဋကပ်) အခါ ကာလ၌ အာဘဿရာပြဟ္မာဘုံ၌ ဖြစ်ခဲ့ရသည်။ ကမ္ဘာသစ်ပြန်ပေါ်လာသည့် ဝိဝဋ္ဋကပ်အခါ၌ ပထမစျာန်ပြဟ္မာဘုံ၌ အလွန်တန်ခိုးကြီးသော မြင်သင့် မြင်ထိုက်သည့် အရာအားလုံးကို (စျာန်မျက်စိဖြင့်) မြင်သော ပြဟ္မာကြီး ဖြစ်ခဲ့ရသည်။

မေတ္တာဘာဝနာကုသိုလ်၏အစွမ်းကြောင့် သိကြားမင်းကြီး အဖြစ် အကြိမ်ပေါင်း (၃၆)ကြိမ် ဖြစ်ခဲ့ရသည်။

မြေပြင်တစ်ခုလုံးကို အစိုးရသော စကြာမင်းအဖြစ်ကို အကြိမ်ပေါင်း ရာပေါင်းများစွာ ဖြစ်ရခဲ့ပေပြီ”

စသည်ဖြင့် မေတ္တာ၏အကျိုး တရားတို့ကို ဟောပြတော်မူခဲ့သည်။ (အံ၊ ၂၊ ၄၆၅)

ထို့အတူ သံယုတ္တနိကာယ် ဩက္ခာသုတ်၌လည်း ...

"ရဟန်းတို့ အကြင်ပုဂ္ဂိုလ်သည် တစ်နေ့တစ်နေ့လျှင် အိုးပေါင်း သုံးရာ (၃၀၀) ဖြင့် ထမင်းချက်၍ အခြားသူတစ်ပါး တို့အား ကျွေးမွေးလှူဒါန်းရာ၏။ ထိုသို့အိုးပေါင်း (၃၀၀)ဖြင့် တစ်ရက်လျှင် သုံးကြိမ်တိုင်တိုင် ကျွေးမွေးလှူဒါန်းရသော ထိုအလှူထက် မျက်စိတစ်မှိတ်, လျှပ်တစ်ပြက်, နို့တစ်ညှစ်စာ လောက် သုံးကြိမ်သုံးခါ ပွားအပ်သော မေတ္တာဘာဝနာက သာလွန် မြင့်မြတ်ပေ၏။" (သံ၊ ၁၊ ၄၅၅)

* တစ်နေ့သုံးခါ၊ အိုးတစ်ရာဖြင့်၊ ချက်ကာထမင်း၊ ကျွေးမွေးခြင်းထက်၊ လက်ငင်းပွားသစ်၊ နို့တစ်ညှစ်စာ၊ ကြိမ်သုံးခါမျှ၊ မေတ္တာပွားများ၊ ကျိုးကြီးမားသည်၊ ဘုရားမြတ်စွာ မိန့်ခွန်းတည်း။

ထို့အပြင် အင်္ဂုတ္တရနိကာယ် ကေကနိပါတ်စသည်တို့၌လည်း. ..

ရဟန်းတို့ ... မေတ္တာဘာဝနာကို လက်ဖျစ်တစ်တွက်မျှ ပွားများနေသော ရဟန်းသည် ဈာန်မဆိတ်သောရဟန်း (ဈာန်ဝင်စားနေသောရဟန်း) ဖြစ်၏။ ဒါယကာ, ဒါယိကာမတို့ လှူဒါန်းသော ဆွမ်းဘောဇဉ် (ပစ္စည်းလေးပါး)ကို အချည်းနှီး သုံးဆောင်နေသောရဟန်း မဟုတ်၊ ဒါယကာ, ဒါယိကာမတို့ အကျိုးများအောင် အသုံးပြုနေသောရဟန်းဟူ၍ ဆိုအပ်၏"

စသည်ဖြင့်လည်း မေတ္တာတရား၏ စွမ်းရည်တို့ကို မိန့်ကြားတော်မူခဲ့ပါသည်။

ထို့ကြောင့် လောကီ+လောကုတ္တရာ အရာရာကို အောင်မြင်လိုသော ပုဂ္ဂိုလ်များသည် မေတ္တာဘာဝနာကို ကြိုးစား၍ ပွားများသင့်ပေသည်။

## မေတ္တာဖြင့် တည်ဆောက်

မေတ္တာသည် မိမိကိုရော သူတစ်ပါးတို့ကိုပါ ချမ်းသာစေတတ်သောကြောင့် တစ်လောကလုံးကို အကျိုးဆောင်သော တရားဖြစ်၏။ မိမိ၏ ငြိမ်းချမ်းမှု, ပတ်ဝန်းကျင်၏ ငြိမ်းချမ်းမှုတို့ကိုလည်း ဖြစ်စေနိုင်သောတရားဖြစ်၏။

မေတ္တာ၏ ဆန့်ကျင်ဘက် ဒေါသကား မိမိကိုလည်း ပူလောင်စေ၏၊ မိမိ၏ အကျိုးစီးပွားကိုလည်း ဖျက်ဆီးပစ်၏၊ မေတ္တာကား မိမိကို မပူလောင်စေဘဲ အေးမြစေ၏၊ ချမ်းသာစေ၏၊ သူတစ်ပါးတို့ကိုလည်း အေးမြစေ, ချမ်းသာစေတတ်၏။

ထို့ကြောင့် မိမိ၏ အေးချမ်းမှု၊ မိမိဘဝ၏ အောင်မြင်မှုကို ရယူတည်ဆောက်လိုသော ပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ မိမိပတ်ဝန်းကျင်နှင့်တကွ တစ်နိုင်ငံလုံး တစ်ကမ္ဘာလုံး ငြိမ်းချမ်းရေး, ကြီးပွားသာယာတိုးတက်ရေးကို လိုလားတောင့်တကြသော ပုဂ္ဂိုလ်တို့သည်လည်းကောင်း "အဆိုးမြင်ဝါဒ"ဖြစ်သော ဒေါသ, အာဃာတကို ဖယ်ရှား၍ "အကောင်းမြင်ဝါဒ"ဖြစ်သော မေတ္တာတရားကို အရာရာ၌ လက်ကိုင်ထားပြီး ငြိမ်းချမ်းသာယာသောဘဝ, ငြိမ်းချမ်းသာယာသော ကမ္ဘာကြီးကို တည်ဆောက်နိုင်ကြပါစေ။

# မေတ္တသုတ္တပါဠိ

၁။ ယဿာနုဘာဝတော ယက္ခာ၊ နေဝ ဒဿေန္တိ ဘီသနံ။
ယမှိ စေဝါနုယုဉ္ဇန္တော၊ ရတ္တိန္ဒိဝ'မတန္ဒိတော။

၂။ သုခံ သုပတိ သုတ္တော စ၊ ပါပံ ကိဉ္စိ န ပဿတိ။
ဧဝမာဒိဂုဏူပေတံ၊ ပရိတ္တံ တံ ဘဏာမ ဟေ။

၃။ ကရဏီယမတ္ထကုသလေန၊
ယန္တ သန္တံ ပဒံ အဘိသမေစ္စ။
သက္ကော ဥဇူ စ သုဟုဇူ စ၊
သုဝစော စဿ မုဒု အနတိမာနီ။

၄။ သန္တုဿကော စ သုဘရော စ၊
အပ္ပကိစ္စော စ သလ္လဟုကဝုတ္တိ။
သန္တိန္ဒြိယော စ နိပကော စ၊
အပ္ပဂဗ္ဘော ကုလေသွ'နနုဂိဒ္ဓေါ။

၅။ န စ ခုဒ္ဒ'မာစရေ ကိဉ္စိ၊
ယေန ဝိညူ ပရေ ဥပဝဒေယျုံ။
သုခိနောဝ ခေမိနော ဟောန္တု၊
သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

၆။ ယေ ကေစိ ပါဏဘူတတ္ထိ၊
တသာ ဝါ ထာဝရာ ဝ'နဝသေသာ။
ဒီဃာ ဝါ ယေ ဝ မဟန္တာ၊
မဇ္ဈိမာ ရဿကာ အဏုကထူလာ။

# မေတ္တာဂုဏ်ရည်

၇။ ဒိဋ္ဌာ ဝါ ယေ ဝ အဒိဋ္ဌာ၊
ယေ ဝ ဒူရေ ဝသန္တိ အဝိဒူရေ။
ဘူတာ ဝ သမ္ဘဝေသီ ဝ၊
သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

၈။ န ပရော ပရံ နိကုဗ္ဗေထ၊
နာတိမညေထ ကတ္ထစိ န ကဉ္စိ။
ဗျာရောသနာ ပဋိဃသညာ၊
နာညမညဿ ဒုက္ခမိစ္ဆေယျ။

၉။ မာတာ ယထာ နိယံ ပုတ္တ –
မာယုသာ ဧကပုတ္တမနုရက္ခေ။
ဧဝမ္ပိ သဗ္ဗဘူတေသု၊
မာနသံ ဘာဝယေ အပရိမာဏံ။

၁၀။ မေတ္တဉ္စ သဗ္ဗလောကသ္မိ၊
မာနသံ ဘာဝယေ အပရိမာဏံ။
ဥဒ္ဓံ အဓော စ တိရိယဉ္စ၊
အသမ္ဗာဓံ အဝေရ မသပတ္တံ။

၁၁။ တိဋ္ဌံ စရံ နိသိန္နော ဝ၊ သယာနော ယာဝတာဿ' ဝိတမိဒ္ဓေါ။
ဧတံ သတိံ အဓိဋ္ဌေယျ၊ ဗြဟ္မ'မေတံ ဝိဟာရ'မိဓ'မာဟု။

၁၂။ ဒိဋ္ဌိဉ္စ အနုပဂ္ဂမ္မ၊ သီလဝါ ဒဿနေန သမ္ပန္နော။
ကာမေသု ဝိနေယျ ဂေဓံ၊ န ဟိ ဇာတု'ဂ္ဂဗ္ဘသေယျ ပုနရေတိ။

မေတ္တသုတ္တံ နိဋ္ဌိတံ။

* * * *

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်
၈၁-လမ်း၊ ၁၈ × ၁၉လမ်းကြား

# နီလာဆေးခန်း

ဒေါက်တာ ဦးသန်းညွန့် + ဒေါ်ဥမ္မာကြည်

သား , သမီး , မြေးများ၏

ပညာပါရမီကုသိုလ်

Graphic Design
mgmglinnsay (shwethar)2011-MDY